ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၇ ရက်၊ စနေနေ့၊ (6-9-2008) (၅၇၉၃)

နိဗ္ဗာနသစ္ဆိကိရိယာစ ဧတံ မင်္ဂလ မုတ္တမံ

နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည် မြတ်သော မင်္ဂလာမည်၏။

မိုးစပါး စုပေါင်း ပေါင်းလိုက်၊ မြေသြဇာကြဲ၊ သမန်းနှိုးပွဲ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် စက်တင်ဘာ ၅

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာအုပ်စု ဇီးကုန်းကျေးရွာရှိ တောင်သူဦးမြင့်အောင်၏ အကျယ်ငါးဧကရှိသော မိုးစပါးစိုက်ကွင်း၌ တောင်သူများ စုပေါင်း ပေါင်းလိုက်၊ မြေသြဇာကြဲ၊ သမန်းနှိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးသည် တောင်သူများအား ထောက်ပံ့ငွေများပေးအပ်ကာ နေပြည်တော်တပ်ကုန်းမြို့နယ်မှ ထွက်ရှိသော သီးနှံများနှင့် တောင်သူများအားပေးအပ်မည့် ဓာတ်မြေသြဇာများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နေပြည်တော် တပ်ကုန်းမြို့နယ် အလယ်ကျွန်းကျေးရွာတောင်သူများ၏ ငွေချည် (၆) ချည်မျှင်ရှည်ဝါ တစ်ဧက ပိဿာ ၁၄၀၀ ခန့် ထွက်ရှိအောင် ရည်မှန်းစိုက်ပျိုးသည့် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲**

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်တပ်ကုန်းမြို့နယ် အလယ်ကျွန်းကျေးရွာ တောင်သူများ၏ အောင်မြင်ဖြစ်ထွန်းနေသည့် ငွေချည် (၆) ချည်မျှင်ရှည်ဝါပင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းမြင်ကွင်းများ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ခင်မောင်သန်း(စက်မှု)

ရန်ကုန် စက်တင်ဘာ ၅

ပဲခူးရိုးမဒေသတွင် သစ်တောများ စိမ်းလန်းစိုပြည်ရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်ရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ၂၀၀၄-၂၀၀၅ ခုနှစ် ဘဏ္ဍာရေးနှစ်မှ ၂၀၀၈-၂၀၀၉ခုနှစ် ဘဏ္ဍာရေးနှစ်အထိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများသို့ ကွင်းဆင်းလေ့လာရန်အတွက် ပဲခူးခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဦး၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပဲခူးမြို့နယ်သို့ စတင်ပြီး ထွက်ခွာခဲ့ရာ ဦးစွာ ရန်ကုန်-မန္တလေးကားလမ်း ဘုရားကြီးကျေးရွာမှတစ်ဆင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

ပဲခူးရိုးမ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောအတွင်း ကာကွယ်ထိန်းသိမ်းထားသည့် မြင်ကွင်းကို တွေ့ရစဉ်။

ကြေးမုံ The Mirror

ယနေ့ သတင်း၊ ဆောင်းပါးအညွှန်း

စီစီအေး(ပညာရေးသုတေသန)၏ "၂၀၀၈ ခုနှစ် စာတတ်မြောက်ရေး ကြိုးပမ်း ဆောင်ရွက်မှုများ" (ဆောင်းပါး) စာမျက်နှာ-၆

ရုပ်ရှင်သတင်း စာမျက်နှာ-၇

ပြည်သူ့ထံမှပေးစာ စာမျက်နှာ-၁၀

အားကစားသတင်းများ စာမျက်နှာ-၁၁

ကြေးမုံ The Mirror
၆-၉-၂၀၀၈
(စနေနေ့)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စိုက်ပျိုးရေးနှင့် စီမံလန်းစိုပြည်ရေးအကျိုးပြု ဆည်တမံများဖွင့်လှစ်

နိုင်ငံတော်က လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိက လိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေ လုံလောက်စွာရရှိစေရန် ရေအရင်းအမြစ် ရရှိနိုင်မှု အခြေအနေများကို ကြိုးပမ်းဖော်ထုတ်နေသည်။ ဆည်တမံ၊ ရေထိန်းတံခါး၊ မြစ်ရေတင် စီမံကိန်းများနှင့် မြေအောက်ရေ ရရှိရေးလုပ်ငန်းများကို ဖြန့်ကြက် တည်ဆောက်ပေးလျက်ရှိသည်။

စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းစသည့် မိုးနည်းပါးသော ဒေသများတွင် အကြီးစား၊ အလတ်စားနှင့် အငယ်စားရေလှောင်တမံများကို တည်ဆောက်ပေးလျက်ရှိရာ ယခင်ကမိုးရေကိုသာမျှော်ကိုးစိုက်ပျိုးခဲ့ရသူ တောင်သူများသည် ယနေ့ကာလတွင် ဆည်ရေဖြင့် သီးနှံစုံ စိုက်ပျိုး အကျိုးဖြစ်ထွန်းနေကြပြီ ဖြစ်သည်။

မကွေးတိုင်းသည် စိုက်ပျိုးမြေကျယ်ပြန့်စွာရှိပြီး စိုက်ပျိုးရေ လုံလောက်စွာ ရရှိသည်နှင့်အမျှ သီးနှံစိုက်ပျိုးထုတ်လုပ်မှုလည်း ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ပခုက္ကူခရိုင်အတွင်း ဒေသဆန်ဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ဆည်၊ ကန်၊ တမံငယ်လုပ်ငန်းပေါင်း ၇၀ ကျော်ကို တိုးချဲ့တည်ဆောက်လျက်ရှိရာ စိုက်ပျိုးမြေ ဧက ခြောက်ထောင်ကျော်ကို စိုက်ပျိုးရေ ပေးဝေနိုင်ပြီဖြစ်သည်။

ပခုက္ကူခရိုင် မြိုင်မြို့နယ်အတွင်း တည်ဆောက်ပြီးစီးနေသည့် ကျောက်ဆောက်ရေလှောင်တမံကို ဩဂုတ် ၂၉ ရက်က ဖွင့်လှစ်ခဲ့သည်။ ရေစကြိုမြို့နယ်၊ ပွင့်ဖြူမြို့နယ်နှင့် မြိုင်မြို့နယ်များအတွင်း ရေလှောင်တမံများ တည်ဆောက်ပေးနိုင်မှုကြောင့် လယ်နှင့်ယာလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်၍ ငရုတ်၊ ဝါ၊ ပဲပြောင်းတို့ကိုသာအဓိက စိုက်ပျိုးခဲ့ရာမှ ယခုအခါ မိုးစပါး၊ မိုးမြေပဲ၊ ပဲတီစိမ်းနှင့် ဆောင်းပဲတီစိမ်းတို့ကို စိုက်ပျိုးလာနိုင်ကြပြီဖြစ်သည်။

ပခုက္ကူခရိုင်အနေဖြင့် ယခင်က မိုးစပါးဧက ကိုးသောင်းကျော်နှင့် နွေစပါးဧက တစ်သောင်းကျော်သာ စိုက်ပျိုးနိုင်ခဲ့သည်။ ယခုအခါ ရေရရှိရေးနည်းလမ်းများ တိုးချဲ့ဆောင်ရွက်လာနိုင်မှုကြောင့် မိုးစပါးဧက တစ်သိန်းကျော်နှင့် သီးထပ်သီးနှံများ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတစ်ဝန်း၌ ကျောက်ဆောက်ရေလှောင်တမံအပါအဝင် ဆည်တမံစီမံကိန်း ၂၁၄ ခုကို တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည်။ နိုင်ငံတော်က လယ်ယာကဏ္ဍ စိုက်ပျိုးရေ လုံလောက်စွာရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးအကျိုးပြု ဆည်တမံစီမံကိန်းများစွာကို ဖြန့်ကြက်တည်ဆောက်ဖွင့်လှစ်ပေးလျက်ရှိရာ ဒေသခံတောင်သူလယ်သမားများက စပါးနှင့်ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးထွက်ရှိရေး ကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

ရန်ကုန်မြို့တော် မိုင်(၃၀)ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အစည်းအဝေး တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်မြို့တော် မိုင်(၃၀)ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီ အစည်းအဝေးကို စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ စီမံခန့်ခွဲရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်၍ နယ်မြေလေးခုအတွင်း မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံ၊ ဟင်းသီးဟင်းရွက်၊ ဆီထွက်သီးနှံ၊ ကြက်ဆူနှင့် အစေ့ထုတ်ပြောင်းများကို အထောက်အကူပြု ဦးစီးဌာနများ၊ လုပ်ငန်းများ၏ အကူအညီဖြင့် လျာထားချက် ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ခေတ်မီ လယ်ယာစိုက်ပျိုး စက်ကိရိယာများ အသုံးပြုရေးနှင့် ဆီထွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ရန်ကုန်မြို့တော် မိုင်(၃၀) ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံခန့်ခွဲမှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရန်ကုန်မြို့တော် မိုင်(၃၀)ပတ်လည် ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံခန့်ခွဲရေး ကြီးကြပ်မှုကော်မတီ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် စီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီအတွင်းရေးမှူး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်ဝင်းက ဇုန်နယ်မြေများအလိုက် မိုးစပါး၊ နွေစပါး၊ ဆောင်းသီးနှံ၊ ဟင်းသီးဟင်းရွက်၊ ဆီထွက်သီးနှံနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပြီးစီးမှု၊ စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဇုန်နယ်မြေအလိုက် တာဝန်ခံများက ဇုန်နယ်မြေများအတွင်း စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးလှစိုးက လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းရေး၊ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုးကောင်းမျိုးသန့် အသုံးပြုရေးနှင့် တောင်သူလယ်သမားများအား ပညာပေးဆောင်ရွက်ရေး၊ ဆီထွက်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုးရေးတို့နှင့် စပ်လျဉ်းသည်များကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အထောက်အကူပြုကော်မတီဥက္ကဋ္ဌတို့က သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၅

သရက်ခရိုင် ကံမမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းအမှတ်စဉ် (၁/၂၀၀၈)ဖွင့်ပွဲကို စက်တင်ဘာ ၁ ရက်က ကံမမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။ ဖွင့်ပွဲတွင် ကံမမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်က အမှာစကားပြောကြားသည်။ ထို့နောက် သရက်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဝင်းမြိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ သတ်မှတ်ကာလအတွင်း အပြီးဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ စာကြည့်တိုက်ဆိုင်ရာများကို ပို့ချရာ သင်တန်းသို့ ကျေးရွာအုပ်စု ၆၀ မှ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စာရေး ၆၀တက်ရောက်ပြီး သင်တန်းကို စက်တင်ဘာ ၄ ရက်အထိ ကျင်းပခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

သန်လျင်မြို့ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း (ညောင်သုံးပင်) တွင် ဩဂုတ် ၂၈ ရက်က တတိယတန်းကျောင်းသား မောင်ဟိန်းထက်ဇော်နှင့် မောင်သုတဆန်းတို့က ရှစ်နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ကျောင်းသား၊ ကျောင်းသူများအား နို့ဆန်ပြုတ် အာဟာရ တိုက်ကျွေးလှူဒါန်းစဉ်။ (ပညာရေး)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အမျိုးသားရေးအသွင်လှုပ်ရှားမှု အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အမျိုးသားရေးအသွင်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၃၀ ရက်က မုံရွာမြို့ ရတနာပုံ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

ရှေးဦးစွာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်နှင့်အဖွဲ့ဝင်များအား တိုင်းငှက်ဖျားဆရာဝန်ကြီး ဒေါက်တာကြည်လွင်က သွေးလွန်တုပ်ကွေး ရောဂါအကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဒေါ်ညွန့်စိန်က ရပ်ကွက်နေ ပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါအကြောင်း ပညာပေး ဟောပြောနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်နှင့်အဖွဲ့ဝင်များသည် သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးပြခန်း၊ ရပ်ကွက်အတွင်း ဖုံး၊ သွန်၊ လဲ၊ စစ်ဆောင်ရွက်ခြင်း၊ ရေတွင်း၊ အုတ်ကန်များကို လောက်လမ်းစားငါးထည့်ခြင်း၊ ဆေးခတ်ခြင်း၊ ခြင်ထောင်ဆေးစိမ်သရုပ်ပြခြင်း၊ ဆေးမှုတ်ခြင်းများ ပြုလုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(ခရိုင်ပြန်/ဆက်)

အမြတ်တရား လေးပါး

ကျန်းမာခြင်းသည် မြတ်သောလာဘ်ကြီးဖြစ်သည်။
ရောင့်ရဲခြင်းသည် မြတ်သောကိုယ်ပိုင်ဥစ္စာဖြစ်သည်။
ချစ်ကျွမ်းဝင်သူသည် မြတ်သောဆွေမျိုးဖြစ်သည်။
နိဗ္ဗာန်သည် မြတ်သောချမ်းသာဖြစ်သည်။

ဓမ္မပဒ(၂၀၄)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။
၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။
၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

တန်ဆောင်အလင်း အမှောင်ခွင်း

■ စာတန်ဆောင် အမှောင်ခွင်း
အလင်းတဲ့ ဖြန့်ဝေ
လူနေမှု မြင့်မား။

■ စာတတ်အောင်သင်-------
စာတတ်ရင်ရှာဖွေမှတ်နိုင်ရဲ့
အခါမလပ်ပင် အားမာန်နိုးပါလို့
စာဖတ်ရင် ပွားဉာဏ်တိုးတာကြောင့်
ကောင်းကျိုး ဆင့်ပွား။

ပညာသု

တိုင်းမှူးဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း မုံရွာတက္ကသိုလ်မှ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများအား တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် စက်တင်ဘာ ၃ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မုံရွာတက္ကသိုလ်ရှိ နှစ်ထပ်စာသင်ဆောင်(B)၌ မုံရွာ တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်ထူးနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြင့်စိုးက တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ အဓိကရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဘွဲ့ဒီဂရီရရှိရေးအတွက် ပညာကို ကြိုးစားသင်ယူလေ့လာရေး၊ အတွေးအခေါ်အဆင့်အတန်းတိုးတက်မြင့်မားရေး၊ ပေါင်းသင်းဆက်ဆံရေးနယ်ပယ်ကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ကြက်လေ့လာ ဆက်ဆံတတ်ရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ကျောင်းသားလူငယ်များသည် အနာဂတ်နိုင်ငံတော်၏ အင်အားများဖြစ်ကြောင်း၊ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပြည်တွင်းအားကို အခြေခံပြီး တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း။

ယနေ့ခေတ်သည် ပညာခေတ်၊ နည်းပညာခေတ်ဖြစ်သည်နှင့်အညီ နိုင်ငံအများသည် သဘာဝသယံဇာတကို အခြေခံ၍ ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်ခြင်းအစား မကုန်ခန်းနိုင်သောအတတ်ပညာနှင့် လူ့စွမ်းအားအရင်းအမြစ်ကို အခြေခံပြီး ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်သည့်စနစ်သို့ ကူးပြောင်းအကောင်အထည်ဖော်လျက်ရှိကြောင်း၊ အနာဂတ်တွင် နိုင်ငံတကာနှင့် ယှဉ်ပြိုင်ရပ်တည်နိုင်အောင် ယနေ့ကျောင်းသား၊ကျောင်းသူလူငယ်များ အနေဖြင့် နည်းပညာကို အပတ်တကုတ်ကြိုးစားလေ့လာသင်ယူကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့၏ ပညာရေးရည်မှန်းချက် ပန်းတိုင်ကို အောင်မြင်အောင်ကြိုးစားပြီး အများအကျိုး၊ တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက်လည်း ထမ်းရွက်နိုင်အောင် ကြိုးစားကြစေလိုကြောင်း။

ယနေ့ ဖွံ့ဖြိုးတိုးတက်လာသည့်နည်းပညာများနှင့်အတူ လူငယ်မောင်မယ်များ၏ ရည်မှန်းချက်ပန်းတိုင်များကို ဖျက်ဆီးနိုင်စွမ်းရှိသည့် စိန်ခေါ်မှုမှန်သမျှကိုလည်း မှန်မှန်ကန်ကန် ဝေဖန်သုံးသပ်ပြီး အောင်မြင်အောင် ကျော်လွှားနိုင်ရန် လိုအပ်ကြောင်း။

တိုင်းပြည်၏ အနာဂတ်အင်အားများဖြစ်သည့် ကျောင်းသား၊ကျောင်းသူများအနေဖြင့် တိုင်းပြည်နှင့် လူမျိုးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အမျိုးသားရေး အကျိုးစီးပွားအတွက် မှန်မှန်ကန်ကန် စဉ်းစားသုံးသပ်ပြီး အကောင်းဆုံးဖြစ်အောင် ဆက်လက်ဆောင်ရွက်သွားနိုင်ကြမည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက မုံရွာတက္ကသိုလ်ရှိ ဆရာ၊ ဆရာမများအတွက် ဝတ်စုံစရိတ်ထောက်ပံ့ငွေကျပ် ၁၉၇၅၀၀၀ ကို တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးကပေးအပ်ရာ မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်ထူးက လက်ခံသည်။

ဆက်လက်၍ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက မုံရွာတက္ကသိုလ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်ငါးသိန်းကို ပေးအပ်ရာ ပါမောက္ခချုပ် ဒေါက်တာမောင်ထူးက လက်ခံသည်။

ယင်းနောက် စစ်ကိုင်းတိုင်းအတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မုံရွာတက္ကသိုလ် မိသားစုက လှူဒါန်းငွေကျပ် ငါးသိန်းကို ပါမောက္ခချုပ်ဒေါက်တာမောင်ထူးက ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း မုံရွာတက္ကသိုလ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ်ငါးသိန်းကို ပါမောက္ခချုပ် ဒေါက်တာ မောင်ထူးထံ ပေးအပ်စဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြင့်စိုး စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက မုံရွာတက္ကသိုလ်ရှိ ဆရာ၊ဆရာမများအတွက် ဝတ်စုံစရိတ် ထောက်ပံ့ငွေများကို မုံရွာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ မောင်ထူးထံ ပေးအပ်စဉ်။ (သတင်းစဉ်)

အခမ်းအနားအပြီးတွင် ဗဟိုနာယကအဖွဲ့ဝင် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် ဆရာ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

(သတင်းစဉ်)

သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းသားများ တွေ့ဆုံပွဲ

ရန်ကုန် စက်တင်ဘာ ၅

သံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းသား၊ သင်တန်းသူများ၏ တွေ့ဆုံပွဲကို စက်တင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီမှ ၆ နာရီအထိ M.3 စားသောက်ဆိုင်(ဗဟန်း)၌ ကျင်းပမည်ဖြစ်ရာ အပတ်စဉ် အားလုံးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် သိရှိလိုသည်များကို ကိုအောင်လင်း ဖုန်း-၀၉၅၀၁၈၀၉၀၊ ကိုနိုင်ဝင်း ဖုန်း-၀၉၅၁၅၆၂၂၉၊ ကိုမင်းသိမ်းထွဏ်း ဖုန်း-၀၉၅၀၅၁၁၄၆၊ မနီနီဆွေ ဖုန်း-၀၉၅၁၀၈၇၈၂၊ ကိုချမ်းဇေဟိန်း ဖုန်း-၀၉၅၀၆၈၆၂၉၊ ကိုလတ် ဖုန်း-၀၉၅၁၉၀၈၃၅၊ ကိုသီဟ ဖုန်း-၀၉၂၀၂၀၉၃၀၊ ကိုကျော်မိုးခိုင် ဖုန်း-၃၇၁၄၁၆၊ မမြမြချစ် ဖုန်း-၀၉၅၀၀၃၆၀၂ နှင့် ကိုအောင်နိုင် ဖုန်း-၀၉၅၁၁၈၈၀၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အမေရိကန်ကွန်မန်ဒိုဟု ယူဆရသူများ ပါကစ္စတန်နိုင်ငံအတွင်း ဝင်တိုက်၍ ၂၀ ဦးသေ

ဝါနာ(ပါကစ္စတန်)စက်တင်ဘာ ၄

အာဖဂန်နစ္စတန်တွင် တပ်စွဲထားသော အမေရိကန်ကွန်မန်ဒိုများဟု ယူဆရသော တပ်ဖွဲ့သည် ပါကစ္စတန်နိုင်ငံအတွင်းသို့ အရုဏ်ဦးအချိန်တွင် ဝင်ရောက်စီးနင်းရာ ကလေးနှင့် မိန်းမများအပါအဝင် ၂၀ဦး သေဆုံးသွားရကြောင်း၊ ယခုတိုက်ခိုက်မှုသည် ပါကစ္စတန်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို စော်ကားခြင်းပင်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လက်ခံနိုင်ဖွယ်မရှိ

ပါကစ္စတန်အနောက်မြောက် ပြည်နယ်အုပ်ချုပ်ရေးမှူးက ထိုအဖြစ်အပျက်သည် လက်ခံနိုင်ဖွယ်ရာမရှိဟု ကြေညာချက်တစ်စောင်တွင် ရေးသားထားသည်။

တုံ့ပြန်မှု

ပါကစ္စတန်နိုင်ငံ၏ အချုပ်အခြာအာဏာကို တိုက်ရိုက်စော်ကားခြင်းဖြစ်ကြောင်း၊ ပါကစ္စတန်ပြည်သူလူထုက လက်နက်ကိုင်အဖွဲ့များသည် တိုင်းပြည်၏ အချုပ်အခြာအာဏာကို ကာကွယ်ရန် တိုး၍တာဝန်ထမ်းဆောင်ကြမည့်အပြင်သင့်လျော်သောတုံ့ပြန်မှု တစ်စုံတစ်ရာကို လုပ်ဆောင်လိမ့်မည်ဟု မျှော်လင့်နေကြကြောင်း ၎င်းက ထပ်မံပြောဆိုသည်။

ထိုဒေသအတွင်းရှိလုံခြုံရေးတာဝန်ရှိသူများ၏အဆိုအရ ယခုတိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့များကို အမြောက်တင် ရဟတ်ယာဉ်များက အထောက်အကူ ပေးခဲ့သည်ဟု သံသယရှိကြသည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်နစ္စတန်နိုင်ငံ အခြေစိုက် အမေရိကန်တပ်ဖွဲ့များဟု ယူဆရသည့်တပ်များက နယ်စပ်ဖြတ်ကျော်ကာ ပါကစ္စတန် အနောက်မြောက် ဒေသတွင်း ဝင်ရောက်တိုက်ခိုက်သဖြင့် ဒဏ်ရာရရှိသွားသူတစ်ဦးကို ဆေးဝန်ထမ်းများက စက်တင်ဘာ ၃ ရက်တွင် ကုသမှုပေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့တွင် မကြာသေးမီက တွေ့ရှိသော နှစ်ပေါင်း ၂၁၀၀ သက်တမ်းရှိ ရှေးဟောင်းတံတိုင်းကြီးအား ဝန်ထမ်းများက ဆက်လက်တူးဖော်နေသည်ကို စက်တင်ဘာ ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်သတင်းထောက် နိုင်ဂျီးရီးယား၌ အဖမ်းခံရ

ပို့ဟာကုတ် (နိုင်ဂျီးရီးယား) စက်တင်ဘာ ၄

နိုင်ဂျီးရီးယား အာဏာပိုင်များက နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသ ရေနံတူးဖော်ရေးလုပ်ငန်းကို မှတ်တမ်းတင် ရုပ်ရှင်ရိုက်ကူးသော အမေရိကန် သတင်းထောက်တစ်ဦးအား ဖမ်းဆီးကာ သူလျှိုလုပ်မှုဖြင့် စွဲချက်တင်လိုက်သည်။ ၎င်းကို နိုင်ဂျီးရီးယား စစ်စခန်းများအား ရုပ်ရှင်ရိုက်ကူးခြင်းကြောင့် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု သတင်းစောင့်ကြည့်ရေးအဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။

အလွတ်သတင်းထောက်အဖြစ် လုပ်ကိုင်နေသူ အန်ဒရူးဘီးရင်းအား ထိုဒေသတွင် ကင်းလှည့်နေသော ပူးတွဲတပ်ဖွဲ့ စခန်းချထားသည့်နေရာကို ရုပ်ရှင်ရိုက်ကူးခြင်းကြောင့် ဖမ်းဆီးခြင်းဖြစ်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဘာဂီယာမူဘာက ပြောကြားသည်။

၎င်းကို စစ်ကြောမေးမြန်းရန်အတွက် နိုင်ငံတော်လုံခြုံရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း မူဘာက ထပ်မံပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်နစ္စတန်တွင် ကနေဒါတပ်ဖွဲ့ဝင်သုံးဦး သေဆုံး

အော့တဝါ စက်တင်ဘာ ၄

အာဖဂန်နစ္စတန်တောင်ပိုင်းတွင် ကနေဒါတပ်ဖွဲ့ဝင်များ၏ သံချပ်ကာကားကို စစ်သွေးကြွများက တိုက်ခိုက်ခြင်းကြောင့် တပ်ဖွဲ့ဝင်သုံးဦး သေဆုံးကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

ထိုတိုက်ခိုက်မှုတွင် အခြား ကနေဒါတပ်ဖွဲ့ဝင်ငါးဦး ထိခိုက်ဒဏ်ရာရရှိကြောင်း၊ နှစ်ဦးမှာ အခြေအနေ ဆိုးရွားကြောင်း သိရသည်။ စစ်ဘက်က အသေးစိတ်အချက်အလက်များကို မပြောကြားသော်လည်း သေဆုံးသူများသည် လမ်းဘေးဗုံးကွဲခြင်းကြောင့် သေဆုံးရခြင်းမဟုတ်ဟု ဆိုသည်။

၂၀၀၂ ခုနှစ် နှောင်းပိုင်းမှစ၍ အာဖဂန်နစ္စတန်တွင် ကနေဒါနိုင်ငံတပ်ဖွဲ့များကို ချထားခဲ့သည်။ ထိုစဉ်မှစ၍ အာဖဂန်၌ သေဆုံးသူ ကနေဒါတပ်ဖွဲ့ဝင်ဦးရေ ၅၆ ဦးအထိ ရှိသွားပြီဖြစ်သည်။

အာဖဂန်နိုင်ငံ ကန်ဒါဟာပြည်နယ်တွင် ကနေဒါတပ်ဖွဲ့ဝင် ၂၅၀၀ ဦး ယခုအခါ တပ်စွဲထားသည်။ ၎င်းတပ်ဖွဲ့များ၏ တာဝန်သည် ၂၀၁၁ ခုနှစ်တွင် ပြီးဆုံးမည်ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဟေတီတွင် ဟန်နာမုန်တိုင်းတိုက်၍ ၆၁ဦး သေ

ပို့အော့ပရင့်(စ်) စက်တင်ဘာ ၄

အတ္တလန္တိတ်သမုဒ္ဒရာတွင် အိုင်ကီမုန်တိုင်းသည် အင်အားကောင်းလာကာ ဟာရီကိန်းမုန်တိုင်း အဆင့်သုံးသို့ ဗုဒ္ဓဟူးနေ့တွင် လျင်မြန်စွာရောက်ရှိလာသည်။ တစ်ချိန်တည်း၌ပင် အပူပိုင်းမုန်တိုင်း ဟန်နာသည် အမေရိကန်ပြည်ထောင်စုအရှေ့တောင်ကမ်းခြေဆီသို့ ဦးတည်၍ ဘဟားမားကျွန်းပေါ်တွင် တိုက်ခတ်လျက်ရှိသည်။

ဟန်နာမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ဟေတီနိုင်ငံနေရာအနှံ့အပြားမှာ ရေမြုပ်လျက်ရှိသည်။ ဟေတီကျွန်းသူ၊ ကျွန်းသားများမှာ အိမ်ခေါင်မိုးပေါ်သို့ တက်နေကြရသည်။ ဟေတီသမ္မတ ရီးနီးပရီးဗာလ်က မကြုံဖူးသော ကပ်ဘေးကြီးဆိုက်ရောက်လာလိမ့်မည်ဟု သတိပေးချက် ထုတ်ပြန်ထားသည်။

ဟန်နာသည် ကြာသပတေးနေ့တွင် ဘဟားမားမြောက်ပိုင်းနှင့် အလယ်ပိုင်းသို့ ရွေ့လျားသွားလိမ့်မည်ဟု ခန့်မှန်းထားကြသည်။ စနေနေ့တွင် မြောက်ကာရိုလိုင်းနားနှင့် ဗာဂျီးနီးယားနယ်စပ်အနီး ကမ်းခြေသို့ မဝင်ရောက်မီ ဟာရီကိန်းအဆင့်သို့ ရောက်ရှိပြီး လေတိုက်နှုန်းသည် တစ်နာရီလျှင် ၇၄ မိုင်နှုန်း(၁၁၉ ကီလိုမီတာ) အနည်းဆုံးရောက်ရှိမည်ဟု ခန့်မှန်းသည်။

အာဏာပိုင်များက ဟန်နာမုန်တိုင်းကြောင့် ရေလွှမ်းခြင်း၊ မြေပြိုခြင်းတို့ကြောင့် ဟေတီနိုင်ငံ တစ်ဝန်းလုံးတွင် အနည်းဆုံး ၆၁ ဦး သေဆုံးခဲ့သည်ဟု ပြောကြားသည်။ ရေများကျဆင်းသွား၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဝေးလံဒေသများသို့ ရောက်ရှိလျှင် သေဆုံးသူအရေအတွက် ပိုမိုလာဖွယ်ရှိသည်ဟု မျှော်လင့်ရကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

တူရကီအရှေ့ပိုင်း၌ ငလျင်လှုပ် အဆောက်အအုံများပျက်စီး

အစ္စတန်ဘူလ် စက်တင်ဘာ ၄

တူရကီနိုင်ငံ အရှေ့ပိုင်းတွင် စက်တင်ဘာ ၃ ရက်က အင်အား ၅ ဒသမ ၁ အဆင့်ရှိ အသင့်အတင့် အင်အားပြင်းသော ငလျင်လှုပ်မှုကြောင့် အက်ဒီရာမန်ပြည်နယ် အရှေ့တောင်ပိုင်းတွင် အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။

ဗဟိုပြု

အဆိုပါငလျင်သည်ဆမ်ဆက်ခရိုင်ကို ဗဟိုပြုပြီး နံနက် ၅ နာရီ ၂၂ မိနစ်က လှုပ်ခတ်ခဲ့ရာ သေကျေဒဏ်ရာရရှိမှုသတင်းကို ချက်ချင်း ဖော်ပြနိုင်ခြင်းမရှိကြောင်း ယင်းသတင်းဌာနက ပြောကြားသည်။

ထွက်ပြေး

ငလျင်လှုပ်မှုကြောင့် ဒေသခံပြည်သူများသည် ၎င်းတို့၏နေအိမ်မှ ထွက်ပြေးခဲ့ကြသည်။

တူရကီနိုင်ငံ အနောက်မြောက်ဘက်တွင် ၁၉၉၉ ခုနှစ်က ငလျင်ကြီးလှုပ်ခဲ့ရာ လူ ပေါင်း ၁၈၀၀၀ ကျော် သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

အီရန်ပြဿနာဖြေရှင်းရန် ဆီးရီးယား ကူညီမည်

ဒမတ်စကတ် စက်တင်ဘာ ၄

ဆီးရီးယားသမ္မတ ဘာရှာအယ်လ်အာဆတ်က အီရန်နိုင်ငံအား ဝင်ရောက်တိုက်ခိုက်ခြင်းသည် အန္တရာယ်ကြီးသော လုပ်ရပ်သာဖြစ်သည်။ အီရန်နှင့် အနောက်နိုင်ငံများအကြား အငြင်းပွားနေသော နျူကလီးယားအရေးကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မည့် အဖြေတစ်ခုရရှိရန် ကူညီမည်ဟု ဗုဒ္ဓဟူးနေ့က ပြောကြားလိုက်သည်။

အာဆတ်သည် ပြင်သစ်သမ္မတ နီကိုလပ်ဆာကိုဇီနှင့် ဒမတ်စကတ်တွင် တွေ့ဆုံဆွေးနွေးပြီးနောက် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

အီရန်နှင့် အနောက်နိုင်ငံများအကြားတွင် တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှု နည်းပါးနေကြောင်း၊ ဆွေးနွေးပွဲအတွက် ဆက်လက်ကြိုးစားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဆာကိုဇီက အာဆတ်အား ၎င်း၏မိတ်ဆွေနိုင်ငံ အီရန်အား အနောက်အုပ်စုနှင့် ပူးပေါင်း၍ နျူကလီးယားအစီအစဉ်ကို ဆောင်ရွက်စေရေး တိုက်တွန်းပေးရန် ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် လီရှန်ဒေသရှိ လုံဂန်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရာ နယ်မြေတွင် ရေနံတွင်းတစ်တွင်း တူးဖော်နေသည်ကို စက်တင်ဘာ ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ
The Mirror

နိုင်ငံတကာသတင်းများ

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် ကမ္ဘာ့မသန်စွမ်းသူများအိုလံပစ်ပွဲတော် အားကစားကျေးရွာ စားသောက်ခန်းမတွင် အားကစားသမားများ စားသောက်နေကြသည်ကို သြဂုတ်၃၀ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နည်းနည်းပြောပြီး များများလုပ်ရန် ကမ္ဘာ့အကူအညီပေးရေးညီလာခံတွင် ဆွေးနွေး

အက္ကရာ စက်တင်ဘာ ၄

ကမ္ဘာတစ်ဝန်းရှိ အဆင်းရဲဆုံးသော နိုင်ငံများအတွက် အထောက်အကူဖြစ်စေမည့် ဒေါ်လာဘီလီယံချီ၍တန်ဖိုးရှိသည့် ပြည်ပအကူအညီများကို တိကျသေချာစွာနှင့် အချိန်မီဖြန့်ဖြူးနိုင်ရေးသည် အလှူရှင်နိုင်ငံများနှင့် အလှူခံနိုင်ငံများအတွက် အကြီးမားဆုံးသော စိန်ခေါ်မှုဖြစ်သည်ဟု အကူအညီပေးရေးညီလာခံတွင် ဆွေးနွေးကြကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

တက်ရောက်ဆွေးနွေး

အလှူပေး၊ အလှူလက်ခံသည့်နိုင်ငံ ၁၀၀ ကျော်မှ ဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် လူသားချင်းစာနာထောက်ထားရေးအုပ်စုမှ ခေါင်းဆောင်များနှင့် ကယ်ဆယ်ရေးဌာနများနှင့်အတူ အကူအညီဖြန့်ဖြူးရာတွင် တိုးတက်မှုရှိစေရေးအတွက် ဂါနာနိုင်ငံတွင် သုံးရက်ကြာညီလာခံသို့ တက်ရောက်ဆွေးနွေးနေကြသည်။

ထိရောက်မှုမရှိ

ဖွံ့ဖြိုးဆဲနိုင်ငံများသို့ နှစ်စဉ် ပေးအပ်လှူဒါန်းကြသည့် အမေရိကန်ဒေါ်လာဘီလီယံ ၁၀၀ ကျော်ရှိ နိုင်ငံတကာအကူအညီသည် ဗျူရိုကရက်လုပ်နည်းလုပ်ဟန် အဟန့်အတားများ၊ နှောင့်နှေးကြန့်ကြာမှုများနှင့် နိုင်ငံရေးကိုယ်ကျိုးရှာမှုများကြောင့် ထိရောက်မှုမရှိဘဲ တဖြည်းဖြည်းချင်း ထိခိုက်လာပြီး ပိတ်ဆို့မှုများနှင့် ကြုံတွေ့နေရသည်ဟု ဝေဖန်သူများက ပြောကြားကြသည်။

အမ်အင်အေ၊ရိုက်တာ။

ရီပတ်ဘလီကန်ပါတီ သမ္မတလောင်း ဂျွန်မက်ကိန်း ၎င်းသာသမ္မတအဖြစ်အရွေးခံရလျှင် အိုစမာဘင်လာဒင်ကို ဖမ်းမည်ဟုဆို

စိန့်ပေါလ်(အမေရိကန်) စက်တင်ဘာ ၄

အမေရိကန်ပြည်ထောင်စုတွင် စက်တင်ဘာ ၁၁ ရက်က ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုကြီး၏ ခုနစ်နှစ်မြောက် နှစ်ပတ်လည်နေ့ နီးကပ်လာပြီဖြစ်သည်။ ထိုအချိန်တွင် ရီပတ်ဘလီကန်ပါတီ သမ္မတလောင်း ဂျွန်မက်ကိန်းက အမေရိကန်၏ ရန်သူတော်နံပါတ်တစ်ကို ဖမ်းဆီးရန် အဓိဋ္ဌာန်ပြုလိုက်သည်။

မီနီဆိုတာပြည်နယ် စိန့်ပေါလ်အရပ်မှလာသော အေဘီစီသတင်းတွင် မက်ကိန်းက သူသာလျှင် သမ္မတအဖြစ်အရွေးခံခဲ့ရသော်အယ်လ်ခိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်ကို ဖမ်းဆီးမည်ဟု ပြောကြားလိုက်သည်။ မည်သို့မည်ပုံ ဖမ်းဆီးရမည်ကို သူသိသည်ဟုဆိုသည်။

ထိုတာဝန်ကို ပြီးမြောက်အောင် ထမ်းဆောင်နိုင်ရန်အတွက် အရည်အချင်းရှိသော အမျိုးသားလုံခြုံရေးဝန်ထမ်းများက သူ့ကို ကူညီကြရလိမ့်မည်ဟု သူက ပြောကြားသည်။ မှန်ကန်သော ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်ရန်အတွက် အခြေအနေ အရပ်ရပ်ကို နားလည်ခြင်း၊ ဗဟုသုတရှိခြင်း၊ နောက်ခံရာဇဝင်သိရှိခြင်းနှင့် အတွေ့အကြုံများခြင်းစသည့် အချက်များလိုအပ်သည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ဒီမိုကရက်တစ်ပါတီမှ ဘာရက်အိုဘားမားသည် ထိုတာဝန်ကို ထမ်းဆောင်နိုင်မည် မဟုတ်ကြောင်း မက်ကိန်းက အရိပ်အမြွက် ပြောသည်။ အဘယ့်ကြောင့်ဆိုသော် သူ့တွင် နိုင်ငံခြားရေးနှင့် စစ်ရေးအတွေ့အကြုံ မရှိခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။

မက်ကိန်းသည် ဘင်လာဒင်ကို ဖမ်းဆီးသည့်အလုပ်ဖြင့် အချိန်ဖြုန်းနေသကဲ့သို့ အီရတ်နိုင်ငံ၏ အခြေအနေကို မှားယွင်းစွာ အာရုံစိုက်နေခြင်းဖြင့် အချိန်ကို အလဟဿ ကုန်လွန်စေမည့်သူ ဖြစ်သည်ဟု အိုဘားမားက ပြန်လည်စွပ်စွဲသည်။

အမ်အင်အေ၊ဆင်ဟွာ။

သီရိလင်္ကာ အစိုးရတပ်ဖွဲ့ဝင်များ နိုင်ငံမြောက်ပိုင်း ဂျက်ဖနာကျွန်းဆွယ်တွင် ကင်းလှည့်နေကြစဉ်။
(ဓာတ်ပုံ အင်တာနက်)

သီရိလင်္ကာသူပုန်များ တန်ပြန်တိုက်ခိုက်မှုကြောင့် အနည်းဆုံး ၅၇ ဦး သေဆုံး

ကိုလံဘို စက်တင်ဘာ ၄

သီရိလင်္ကာစစ်ဘက်နှင့်တမီးလ်ကျားသူပုန်များအကြား တိုက်ပွဲများဖြစ်ပွားမှုကြောင့် အနည်းဆုံး ၅၇ ဦး သေဆုံးကြောင်း၊ သူပုန်များက ၎င်းတို့ကြီးစိုးရာဒေသအတွင်း ထိုးဖောက်လာသော စစ်ဘက်တပ်ဖွဲ့များကို တန်ပြန်ထိုးစစ်ဆင်တိုက်ခိုက်ခြင်းကြောင့် အသေအပျောက် များရခြင်းဖြစ်ကြောင်း စစ်ဘက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

မြောက်ပိုင်းရှိဒေသနှစ်ခု၌ ဖြစ်ပွားသောတိုက်ခိုက်မှုတွင်အစိုးရတပ်ဖွဲ့ဝင် ၅၇ ဦး သေဆုံးပြီး ၁၀၀ ဒဏ်ရာရရှိကြောင်း တမီးလ်ကျားသူပုန်များက ပြောကြားသည်။

မြို့တော်ကိုလံဘို မြောက်ဘက် ကီလိုမီတာ ၃၃၀ အကွာ သူပုန်များ၏ မြို့တော်သဖွယ် ရပ်တည်လျက်ရှိသည့်ကီလီနော့ချ်ချီမြို့ဆီသို့ အစိုးရတပ်ဖွဲ့များ ချီတက်လျက်ရှိသည်။

နိုင်ငံ၏မြောက်ပိုင်း သူပုန်များ၏ အဓိကအခြေစိုက်စခန်းဝင်ပေါက်များတွင် အစိုးရတပ်ဖွဲ့များကို ဖြန့်ချတပ်စွဲထားသည်။

စက်တင်ဘာ ၂ ရက်တွင် စစ်ဘက်က သူပုန်များ၏ ထောက်ပံ့ရေးစခန်းအဖြစ် အသုံးပြုနေသော မယ်လာဗီမြို့ကို သိမ်းပိုက်နိုင်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

လက်ဘနွန်၌ မပေါက်ကွဲသေးသည့်ဗုံးများ ရှင်းလင်းစဉ် ဘူလ်ဂေးရီးယားငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ဝင် သေဆုံး

ဘေရွတ် စက်တင်ဘာ ၄

လက်ဘနွန်နိုင်ငံတောင်ပိုင်းတွင် ၂၀၀၆ ခုနှစ်က အစ္စရေးနှင့် ဟဇ်ဘိုလာပြောက်ကျားများ စစ်ပွဲအတွင်း အစ္စရေးလေယာဉ်ကကြဲချသည့် မပေါက်ကွဲသေးသည့် ဗုံးအများအပြားကို ရှင်းလင်းနေစဉ် သြဂုတ် ၃ရက်က ဘူလ်ဂေးရီးယား ငြိမ်းချမ်းမှုထိန်းသိမ်းရေး တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း မျက်မြင်တွေ့ရှိသူက ပြောကြားသည်။

ယူနီဖီးလ်ဟုခေါ်သည့် ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့တွင် ဘူဂေးလ်ရီးယားတပ်ဖွဲ့ဝင် ၃၇၀ ခန့်ရှိသည်။ ၃၄ ရက်ကြာ စစ်ပွဲပြီးဆုံးပြီးနောက် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ထိန်းသိမ်းထားသည့် တောင်ဘက်ရှိ နယ်စပ်ဒေသတစ်ခု၌ ကင်းလှည့်နေသော လက်ဘနွန်စစ်ဘက်ကို ယူနီဖီးလ်တပ်ဖွဲ့က ကူညီနေသည်။

မျက်မြင်တွေ့ရှိသူ၏ ပြောကြားချက်အရ ဘူလ်ဂေးရီးယား ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့ဝင် အခြားတစ်ဦး ဒဏ်ရာပြင်းထန်စွာ ရရှိကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန်တပ်ဖွဲ့များ မှားယွင်းပစ်ခတ်မှုကြောင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်ခြောက်ဦး သေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ဘက်ရှိ မြို့တစ်မြို့တွင် စက်တင်ဘာ ၃ ရက်က အမေရိကန်တပ်ဖွဲ့များ မှားယွင်းပစ်ခတ်မှုကြောင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံးပြီး အခြား ၁၀ ဦး ဒဏ်ရာရရှိကြောင်း အီရတ်ရဲတပ်ဖွဲ့နှင့် အမေရိကန်စစ်ဘက်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၄၀ ခန့်အကွာ တာမီရာ့ချ်မြို့မြောက်ဘက်ရှိ အီရတ်လုံခြုံရေးတပ်ဖွဲ့များ စောင့်ကြပ်နေသည့် စစ်ဆေးရေးဂိတ်အနီး တီဂရစ်မြစ်တစ်လျှောက် အမေရိကန်ကင်းလှည့်ရဟတ်ယာဉ်ဖြတ်သန်းစဉ် အရုဏ်ဦးအချိန်၌ မှားယွင်းစွာ တိုက်ပွဲဖြစ်ခဲ့သည်။

အီရတ်လုံခြုံရေး တပ်ဖွဲ့များက ၎င်းတို့ စစ်ဆေးရေးဂိတ်အနီး မြစ်အတွင်း အမည်မသိ သင်္ဘောငယ်တစ်စင်း တွေ့ရှိသောအခါ သတိပေးသည့်အနေဖြင့် လေထဲသို့ ပထမဆုံး သေနတ်ပစ်ဖောက်ခဲ့ကြောင်း၊ အမေရိကန်တပ်ဖွဲ့များက လေကြောင်း အကူအညီတောင်းကာ ပြန်လည်ပစ်ခတ်ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပီရူးနိုင်ငံ၊ လီမာမြို့ ရှေးဟောင်းပြတိုက်တစ်ခုတွင် မျက်နှာဖုံးတပ်ထားသော အမျိုးသမီးမံမီရုပ်အလောင်းကို စက်တင်ဘာ ၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အကြီးစားသံမဏိစက်ရုံတည်ဆောက်ရေးစီမံကိန်း တရုတ်နိုင်ငံတွင် အကောင်အထည်ဖော်ရန် စီစဉ်နေ

ပေကျင်း စက်တင်ဘာ ၄

တရုတ်နိုင်ငံတွင် ဒေါ်လာ ၃၀ ဘီလီယံ ကုန်ကျခံတည်ဆောက်မည့် အကြီးစားသံမဏိစက်ရုံ တည်ဆောက်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်ရန် စီစဉ်နေပြီဖြစ်ကြောင်း ပြည်နယ်သတင်းများက ကြာသပတေးနေ့တွင် ဖော်ပြသည်။

အဆိုပါတည်ဆောက်ရေးစီမံကိန်းကို တရုတ်နိုင်ငံအရှေ့ဘက် ပင်လယ်ကမ်းခြေအနီးရှိ စက်မှုဇုန်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပြီး ယင်းစီမံကိန်းအတွက် ယွမ် ၂၀၄ ဒသမ ၉ ဘီလီယံ(အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံ)ကျခံသုံးစွဲမည်ဖြစ်ကြောင်း စီးပွားရေးသတင်း နေ့စဉ်က ရေးသားသည်။ ယင်းစီမံကိန်းကို ဝူဟန် သံနှင့်သံမဏိထုတ်လုပ်ရေးအဖွဲ့နှင့် ယန်ဇီဒေသဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့တို့ အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်သည်။ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပါက အဆိုပါစက်ရုံမှ အစောပိုင်းနှစ်တွင် သံမဏိတန်ချိန် ၁၀ သန်း ထုတ်လုပ်နိုင်ကာ နောက်ပိုင်းနှစ်များတွင် သံမဏိတန်ချိန် သန်း ၃၀ တိုးတက်ထုတ်လုပ်နိုင်မည်ဟုဆိုသည်။

အင်တာနက်။

၂၀၀၈ ခုနှစ် စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ

စိုးစိုးအေး (ပညာရေးသုတေသန)

မြန်မာနိုင်ငံသည် စာတတ်မြောက်ရေးလုပ်ငန်းများကို အစဉ်တက်ကြွစွာ ဆောင်ရွက်ခဲ့သော နိုင်ငံဖြစ်ပါသည်။ ၁၉၈၈ ခုနှစ် အခြေခံစာရင်းဇယားများအရ မြန်မာနိုင်ငံ၏ သက်ကြီးစာတတ်မြောက်မှုနှုန်းမှာ ၈၀ ဒသမ ၀၄ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ၁၉၉၆ ခုနှစ်မှစ၍ **'လူတိုင်း အတွက်ပညာရေး'** စီမံကိန်း ရေးဆွဲချမှတ်ဆောင်ရွက်မှုကြောင့် ၂၀၀၀ ပြည့်နှစ်၌ သက်ကြီးစာတတ်မြောက်မှုနှုန်း ၉၁ ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့ပါသည်။

၂၀၀၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၏ သက်ကြီးစာတတ်မြောက်မှုနှုန်းကို မြှင့်တင်ရန် ပညာရေးဝန်ကြီးဌာနက အောက်ပါအတိုင်း လမ်းညွှန်ချက်များ ချမှတ်ဆောင်ရွက်ခဲ့ပါသည်-

(က) လူဦးရေသိပ်သည်းထူထပ်သည့် ဒေသများမှစတင်၍ ပြည်နယ်၊ တိုင်းလုံးကျွတ် စာတတ်မြောက်ရေး လုပ်ငန်းများဆောင်ရွက်ရန်၊

(ခ) ပြည်နယ်၊ တိုင်းလုံးကျွတ် စာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးသောဒေသများ၌လည်း ကျန်ရှိနေသေးသော စာမတတ်သူများအတွက် ကောက်သင်းကောက် စာတတ်မြောက်ရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်သွားရန်၊

(ဂ) နယ်စပ်ဒေသနေ တိုင်းရင်းသားများရုံးသုံးနှင့် အများသုံး ဘာသာစကားဖြစ်သော မြန်မာစာ အရေး၊ အဖတ်နှင့် နေ့စဉ်သုံး သင်္ချာအတွက်အချက် တတ်မြောက်လာစေရေးအတွက် နယ်စပ်ဒေသအခြေခံ စာတတ်မြောက်ရေး သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရန်။

၂၀၀၄ ခုနှစ်မှစ၍ စာတတ်မြောက်ရေး လုပ်ငန်းများကို အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်-

(က) စာတတ်မြောက်ရေးလုပ်ငန်းစီမံချက်ကို ဗဟိုမှ ရေးဆွဲချမှတ်ခြင်း မဟုတ်ဘဲ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းများက မိမိတို့ ဒေသအခြေအနေနှင့် လိုက်လျောညီထွေဆောင်ရွက်နိုင်မည့် ဒေသစီမံချက်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ခ) အခြေခံ စာတတ်မြောက်ရေး လုပ်ငန်းအတွက် နည်းပြသင်တန်းကို သက်ဆိုင်ရာဒေသများသို့ ဗဟိုမှ သွားရောက်ပို့ချခြင်း၊ သင်တန်းသားများကို ဗဟိုသို့ခေါ်ယူ သင်တန်းပေးခြင်းမျိုး မလုပ်တော့ဘဲ အီလက်ထရွန်နစ် သင်ယူမှုဌာနများမှ တစ်ဆင့် နိုင်ငံတစ်ဝန်းလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပို့ချလေ့လာစေခြင်း။

ဤကဲ့သို့ စာတတ်မြောက်ရေးလုပ်ငန်းကို နိုင်ငံတစ်ဝန်း လူထုလှုပ်ရှားမှုအသွင်ဖြင့် ဒေသစီမံချက်များ ချမှတ်ဆောင်ရွက်နိုင်သဖြင့် ၂၀၀၄ခုနှစ်တွင် နိုင်ငံအဆင့် သက်ကြီးစာတတ်မြောက်မှုနှုန်း ၉၃ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးတက်မြင့်မားလာခဲ့ပါသည်။

မြန်မာနိုင်ငံ၏ သက်ကြီးစာတတ်မြောက်မှုနှုန်း တိုးမြင့်သည်ထက် တိုးမြင့်လာအောင် ဆောင်ရွက်ရန် ပညာရေးဝန်ကြီးဌာနသည် ၂၀၀၈ ခုနှစ် စာတတ်မြောက်ရေးလုပ်ငန်းကို အခြေခံပညာ ဦးစီးဌာနအလိုက် အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) **အမှတ်(၁) အခြေခံပညာဦးစီးဌာန**။ အမှတ်(၁)အခြေခံပညာ ဦးစီးဌာနအောက်ရှိ ပြည်နယ်၊ တိုင်းများ၌ မြို့နယ် ၈၆ မြို့နယ်တွင် စာတတ်မြောက်ရေး လုပ်ငန်းကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

စဉ်	ပြည်နယ်/တိုင်း	ဆောင်ရွက်ခဲ့သည့် မြို့နယ်ဦးရေ	စာသင်ဝိုင်း ဦးရေ	သင်ပြသူ ဦးရေ	စာတတ်မြောက်သူ ဦးရေ	စာတတ် မြောက်မှု ရာခိုင်နှုန်း
၁။	ကရင်ပြည်နယ်	၇	၂၈၇	၁၃၉၆	၁၈၇၆၈	၉၇. ၆၀%
၂။	တနင်္သာရီတိုင်း	၁၀	၄၇၅	၈၅၇	၅၇၄၉	၉၈. ၇၉%
၃။	ပဲခူးတိုင်း (အရှေ့ပိုင်း)	၁၄	၂၅၁၄	၇၆၇၆	၄၀၃၇၃	၉၇. ၀၆%
၄။	ပဲခူးတိုင်း (အနောက်ပိုင်း)	၁၄	၁၀၈	၇၃၁	၁၄၆၆	၉၉. ၆၁%
၅။	မွန်ပြည်နယ်	၁၀	၂၈၆၃	၇၀၁၅	၄၅၁၅၂	၉၇. ၄၁%
၆။	ရခိုင်ပြည်နယ်	၁၇	၂၁၁၈	၆၃၆၆	၃၄၅၃၀၅	၈၃. ၆၇%
၇။	ဧရာဝတီတိုင်း	၁၄	၉၅	၂၀၀	၆၉၉	၉၉. ၇၁%

(ခ) **အမှတ်(၂)အခြေခံပညာဦးစီးဌာန**။ အမှတ်(၂)အခြေခံပညာဦးစီးဌာနအောက်ရှိ ပြည်နယ်၊ တိုင်းများ၌ မြို့နယ် ၁၅၇ မြို့နယ်တွင် စာတတ်မြောက်ရေးလုပ်ငန်းကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

စဉ်	ပြည်နယ်/တိုင်း	ဆောင်ရွက်ခဲ့သည့် မြို့နယ်ဦးရေ	စာသင်ဝိုင်း ဦးရေ	သင်ပြသူ ဦးရေ	စာတတ်မြောက်သူ ဦးရေ	စာတတ် မြောက်မှု ရာခိုင်နှုန်း
၁။	ကချင်ပြည်နယ်	၁၈	၁၂၈	၂၉၃	၂၃၀၄	၉၃. ၅၇%
၂။	ကယားပြည်နယ်	၆	၃၈၂	၆၂၈	၃၃၄၃	၉၇. ၈၆%
၃။	ချင်းပြည်နယ်	၉	၆၇၀	၁၃၄၀	၁၈၅၅၇	၉၄. ၇၈%
၄။	စစ်ကိုင်းတိုင်း	၃၇	၂၄၃၆	၅၁၈၄	၁၂၀၃၆၅	၉၅. ၆၇%
၅။	မကွေးတိုင်း	၁၂	၁၀၀၄	၂၀၀၈	၁၈၃၅၆	၉၅. ၇၆%
၆။	မန္တလေးတိုင်း	၂၈	၁၆၃၃	၄၃၂၈	၇၃၈၁၁	၉၈. ၆၁%
၇။	ရှမ်းပြည်နယ် (တောင်ပိုင်း)	၁၈	၂၇၈၇	၃၈၆၁	၃၀၈၀၈	၉၂. ၃၅%
၈။	ရှမ်းပြည်နယ် (မြောက်ပိုင်း)	၁၉	၇၅၉	၈၂၂	၁၄၀၃၀၁	၇၃. ၉၃%
၉။	ရှမ်းပြည်နယ် (အရှေ့ပိုင်း)	၁၀	၁၄၅	၅၁၃	၂၉၉၂	၅၂. ၈၉%

(ဂ) **အမှတ်(၃)အခြေခံပညာဦးစီးဌာန**။ အမှတ်(၃)အခြေခံပညာဦးစီးဌာနအောက်ရှိ ရန်ကုန်တိုင်းအတွင်း မြို့နယ်တစ်မြို့နယ်တွင် စာတတ်မြောက်ရေးလုပ်ငန်းကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

စဉ်	ရန်ကုန်တိုင်းအတွင်း ဆောင်ရွက်သည့် မြို့နယ်အမည်	ဆောင်ရွက်ခဲ့သည့် မြို့နယ်ဦးရေ	စာသင်ဝိုင်း ဦးရေ	သင်ပြသူ ဦးရေ	စာတတ်မြောက်သူ ဦးရေ	စာတတ် မြောက်မှု ရာခိုင်နှုန်း
၁။	မှော်ဘီမြို့နယ်	၁	၂၀	၃၀	၈၃	၉၈. ၇၄%

(ဃ)**နယ်စပ်ဒေသ နွေရာသီအခြေခံ စာတတ်မြောက်ရေးသင်တန်းများ**။ ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ပညာရေးဆပ်ကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုတို့အရ ၂၀၀၈ ခုနှစ် နယ်စပ်ဒေသ နွေရာသီအခြေခံ စာတတ်မြောက်ရေး သင်တန်းများကို ကချင်အထူးဒေသ(၁)၊ ကချင်အထူးဒေသ(၂)၊ ကချင်အရှေ့မြောက်ဒေသ၊ ကိုးကန့်ဒေသ၊ 'ဝ' ဒေသ၊ ရှမ်းနယ်မြေ၊ ပလောင်ဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ ဟိုမိန်း၊ မုံးထော၊ မုံးထဒေသ၊ မော်ဖဒေသ၊ ပအိုဝ်းဒေသ၊ ကယား၊ ကယန်းဒေသ၊ ချင်းဒေသ၊ စစ်ကိုင်း(နာဂ)ဒေသ၊ ကဘော်ချိုင့်ဝှမ်းဒေသ၊ မွန်ဒေသ၊ ရခိုင်ဒေသ၊ ကရင်ဒေသတို့၌ နယ်စပ်မြို့နယ်ပေါင်း ၇၉ မြို့နယ်ရှိ ဝေးလံဒေသများတွင် အခြေခံစာတတ်မြောက်ရေးသင်တန်းများ ဖွင့်လှစ်၍ ဆောင်ရွက်ခဲ့ရာ သင်ပြသူ ၃၈၇၇ ဦးတို့၏ ပံ့ပိုးကူညီမှုဖြင့် တိုင်းရင်းသား ၃၅၅၄၅ ဦး စာတတ်မြောက်လာခဲ့ပါသည်။

ပညာရေးဝန်ကြီးဌာန၏ ၂၀၀၈ခုနှစ် စာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ခြုံငုံသုံးသပ်လျှင် အောက်ပါအတိုင်းတွေ့ရှိရမည် ဖြစ်ပါသည်-

စဉ်	လုပ်ငန်းဆောင်ရွက်ခဲ့သည့် နယ်မြေဒေသ၏ ဦးစီးဌာန	ဆောင်ရွက်ခဲ့သည့် မြို့နယ်ဦးရေ	စာသင်ဝိုင်း ဦးရေ	သင်ပြသူ ဦးရေ	စာတတ်မြောက်သူ ဦးရေ
၁။	အမှတ်(၁)အခြေခံပညာဦးစီးဌာန	၈၆	၈၄၆၀	၂၄၂၄၁	၄၅၇၅၁၂
၂။	အမှတ်(၂)အခြေခံပညာဦးစီးဌာန	၁၅၇	၉၉၄၄	၁၈၉၇၇	၄၁၀၈၃၇
၃။	အမှတ်(၃)အခြေခံပညာဦးစီးဌာန	၁	၂၀	၃၀	၈၃
	စုစုပေါင်း	၂၄၄	၁၈၄၂၄	၄၃၂၄၈	၈၆၈၄၃၂

၂၀၀၈ ခုနှစ် စာတတ်မြောက်ရေးလုပ်ငန်းသည် ပညာရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် အဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှု၊ ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများသာမက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ပညာရေးကောလိပ် သင်တန်းသား၊ သင်တန်းသူများနှင့် စေတနာရှင်လုပ်အားပေးများ၏ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုများကြောင့် အောင်မြင်မှုနှင့်အတူ ၂၀၀၈ ခုနှစ် နိုင်ငံအဆင့် သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၉၄ ဒသမ ၈၃ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း မြန်မာနိုင်ငံ စာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှု အခြေအနေကို မှတ်တမ်းတင်အပ်ပါသည်။ ။

မြန်မာနိုင်ငံသည် စာတတ်မြောက်ရေးလုပ်ငန်းများကို အစဉ်တက်ကြွစွာ ဆောင်ရွက်ခဲ့သော နိုင်ငံဖြစ်။

၂၀၀၈ခုနှစ် နိုင်ငံအဆင့် သက်ကြီး စာတတ်မြောက်မှုနှုန်းသည် ၉၄ ဒသမ ၈၃ ရာခိုင်နှုန်းအထိ မြင့်တက်လာ။

ပွဲကောက်ရေလှောင်တမံစီမံကိန်း ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဩဂုတ် ၃၁ ရက်တွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ရေသရောက်ကုန်းကျေးရွာအနီး ဆည်မြောင်းဦးစီးဌာနက တည်ဆောက်နေသည့် ပွဲကောက်ရေလှောင်တမံစီမံကိန်း စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူများအား သတ်မှတ်ချိန်ပြီးစီးရေးနှင့် သေသပ်ခိုင်ခံ့မှုရှိရေး မှာကြားပြီး ရှုရပ်မှ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တမံအူကြောင်းနေရာများ၊ ပင်မတမံမြေဖို့နေမှု၊ ရေထုတ်ပြွန်အောက်ခြေ တည်ဆောက်နေမှုနှင့် ရေပိုလွှဲတည်ဆောက်မည့် နေရာမြေသား တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် ပွေးတောင်ရှိ ရွှေပုစွန်ကော်ဖီခြံ၌ အောင်မြင်ဖြစ်ထွန်းနေသော ကော်ဖီစိုက်ခင်းများကို လှည့်လည်ကြည့်ရှုသည်။

ပြင်ဦးလွင်နှင့် နောင်ချိုမြို့နယ်များတွင် တစ်မြို့နယ်လျှင် ကော်ဖီစိုက်ဧကငါးသောင်းစီဖြင့်ဧကတစ်သိန်း စိုက်ပျိုးလျက်ရှိရာ ယခုအခါ ပြင်ဦးလွင်တွင် ပုဂ္ဂလိကလုပ်ငန်းရှင် ၆၀၂ ဦးက ၁၇၁၂၉ ဒသမ ၆ ဧကနှင့်နောင်ချိုမြို့နယ်တွင်ဧက၁၅၅၇၀ စုစုပေါင်း ၃၂၆၉၉ ဒသမ ၆ ဧက စိုက်ပျိုးခဲ့ပြီးဖြစ်သည်။ ပြည်နယ်နှင့်တိုင်းများ၌ ဧက ၅၇၂၅၀ စိုက်ပျိုးပြီး အသီးခူး ဧက ၂၉၆၅၀ ရှိကာ ကော်ဖီစေ့ မက်ထရစ်တန် ၈၀၀၅ ထွက်ရှိကြောင်း သိရှိရသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့နယ် ဆင်ခေါင်းကြီးကျေးရွာအနီးရှိ ဒိုးကွင်ဥယျာဉ်ခြံ၌ ဒိုးကွင်ရေလှောင်တမံမှ ဥယျာဉ်ခြံသို့ ပေးပို့သည့် ဆည်ရေဖြင့် ငါးကီလိုဝပ် အသေးစား ရေအားလျှပ်စစ် ထုတ်ပေးသည့် ရေသွယ်မြောင်းနှင့် တာဘိုင် လည်ပတ်၍ လျှပ်စစ်မီးထုတ်လုပ်မှု၊ ဒိုးကွင်ဥယျာဉ်ခြံ၌ ဆေးဖက်ဝင် သစ်ခွနှင့် ဥယျာဉ်ခြံသီးနှံစိုက်ပျိုးထုတ်လုပ်မှုတို့ကိုကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ထုတ်လုပ်ရောင်းချသည့် ဆေးဖက်ဝင် သစ်ခွနှင့် တစ်သျှူးနည်းဖြင့် မျိုးပွားသည့်မျိုးများ၊ မင်သော်၊ ဆေးသကြားနှင့် ငှက်ဖျားဖြတ်ဆေးပင်များ နမူနာနှင့် တင်ပို့ရောင်းချရန် ထုပ်ပိုးထားသည့် ဒေါင်းမြီးသစ်ခွခြောက်အိတ်များ၊ ဆေးဖက်ဝင် သစ်ခွများ မျိုးပွားသည့် တစ်သျှူးမျိုးပွားခန်းနှင့် မျိုးပွားထားသည့်ပျိုးပင်များ၊ တစ်သျှူးမျိုးပွားသည့် ပျိုးရုံများ၊ စင်တင်နည်း၊ သစ်ပင်ကပ် မွေးမြူနည်းတို့ဖြင့် မျိုးပွားမွေးမြူထားသည့် ဆေးဖက်ဝင် သစ်ခွစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး စီးပွားဖြစ် ဆေးဖက်ဝင် သစ်ခွ စိုက်ပျိုးထုတ်လုပ်သူများအား နည်းပညာပေးပြီး ထုတ်လုပ်ရောင်းချနိုင်အောင် ဆောင်ရွက်ပေးကြရန် မှာကြားသည်။

အဆိုပါ ဆေးဖက်ဝင်သစ်ခွများကို သဘာဝပေါက်ရောက်မှုမှ စိုက်ခင်းအဖြစ် စနစ်တကျစိုက်ပျိုးပြီး စိုက်ပျိုးထုတ်လုပ်သူများ ဝင်ငွေပိုမိုရရှိရန်နှင့် မျိုးများကို တစ်သျှူးမျိုးပွားနည်းနှင့် သားတက်မျိုးပွားနည်းဖြင့် ဒိုးကွင်ဥယျာဉ်ခြံ၊ မင်္ဂလာဒုံဥယျာဉ်နှင့် လှည်းကူးရှိ ဟင်းသီးဟင်းရွက် သစ်သီးဝလံ သုတေသနဌာနရှိ တစ်သျှူးဓာတ်ခွဲခန်းများမှ မျိုးပွားထုတ်လုပ်ပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပြင်ဦးလွင်မြို့နယ်ရှိ ဒိုးကွင်ရေလှောင်တမံမှ ဥယျာဉ်ခြံသို့ ပေးပို့သည့် ဆည်ရေဖြင့် ငါးကီလိုဝပ် အသေးစား ရေအားလျှပ်စစ်ဖြင့် လျှပ်စစ်မီး ထုတ်လုပ်ပေးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(လယ်/ဆည်)

မျိုးဆက်ပွား ကျန်းမာရေး အသိပေးဆွေးနွေးပွဲ မော်လမြိုင်မြို့၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် မျိုးဆက်ပွား ကျန်းမာရေး အသိပေးဆွေးနွေးပွဲကို ဩဂုတ် ၂၅ ရက်တွင် မော်လမြိုင်မြို့ရှိ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပရာ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုး**(အောက်ပုံ)**က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာ ဒေါ်မေမာလာက မျိုးဆက်ပွားကျန်းမာရေးတွင် ကဏ္ဍအသီးသီး၏ ဆက်နွယ်မှု၊ အထူးအားဖြင့် HIV/AIDS ဆိုင်ရာကဏ္ဍနှင့် ဆက်နွယ်မှုအကြောင်းများကို အသိပညာပေး ဆွေးနွေးသည်။

ထို့နောက် သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်စန်းစန်းဝင်းက မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့အာဟာရမှုန့်များကိုထောက်ပံ့ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြိတ်ခရိုင် ပြန်/ဆက်ဝန်ထမ်းများ စာဖတ်ဝိုင်းကျင်းပ

မြိတ် စက်တင်ဘာ ၅

မြိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဝန်ထမ်းများ စာဖတ်ဝိုင်းကို စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ ဦးစီးအရာရှိ ဒေါ်နီနီချိုနှင့် ဝန်ထမ်းများ ဆွေးနွေးကြသည်။ ရှေးဦးစွာ ခရိုင်ဦးစီးအရာရှိက အတည်ပြုပြီးသော ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ကို ဦးဆောင်၍ ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများက အခန်းအလိုက် ဖတ်ကြားကြကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၉-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၅ ၄။ ကျန်းမာသုတ
- ၁၂း၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -ချိုသောမာယာ ဒွေး၊ အိန္ဒြာကျော်ဇင်၊ မြတ်ကေသီအောင် ဒါရိုက်တာ(မောင်ဗေဒါ)**
- ၁၃း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၁၃း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၁၄း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- ၄း၁၅ ၄။ မြန်မာသံစဉ်ချိုနှားဝင်
- ၄း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၃၀ ၆။ အပြည်ပြည်ဆိုင်ရာ စာတတ်မြောက်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၀၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၂၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၂။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သံယောဇဉ်နှောင်ကြိုး (အပိုင်း-၃)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ လူရွှင်တော်ရွှေဖလား
- ၁၉။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နှင်းတောင်သူရဲကောင်း (အပိုင်း-၂၆)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

ရင်ခုန်နှင်းဆီ မြန်မာဇာတ်ကား ဆက်လက်ပြသ

ကြေးမုံ ရုပ်ရှင်

ရန်ကုန် စက်တင်ဘာ ၅

ယခုသောကြာပတ် စက်တင်ဘာ ၅ ရက်တွင်မြန်မာရုပ်ရှင်ဇာတ်ကားသစ်များ ရုံတင်နိုင်ခြင်းမရှိဘဲ ပြသဆဲ မြန်မာရုပ်ရှင်ကား တစ်ကားဖြစ်သည့် ရင်ခုန်နှင်းဆီဇာတ်ကား တစ်ကားတည်းသာ မြို့လယ် ဝဇီရာရုံ၊ လှိုင်သာယာဝဇီရာရုံ၊ သာကေတ မြရတနာရုံနှင့် မှော်ဘီအောင်သီရိရုံများတွင် ဆက်လက်ပြသမည်ဖြစ်ပြီး ရန်ကုန်မြို့လယ်ရုံများတွင် နိုင်ငံခြားရုပ်ရှင်ကားများသာ ဆက်လက်ပြသမည်ဖြစ်သည်။

သမ္မတရုံတွင် လင်းနို့လူသားဇာတ်လမ်းတွဲမှနာမည်ကြီးဇာတ်လမ်းတစ်ပုဒ်ဖြစ်သည့် THE DARK KNIGHT ဇာတ်ကြမ်းကား ပြသမည်ဖြစ်သည်။ လင်းနို့လူသားအား လုပ်ကြံရန် မာဖီးယားဂိုဏ်းမှ လင်းနို့လူသားအတုများ ဖန်တီးတိုက်ခိုက်မှုကို လင်းနို့လူသားအစစ်က နှိမ်နင်းပုံကိုဇာတ်လမ်းဆင်ရိုက်ကူးထားသည်။

သွင်ရုံတွင် အင်ဒီယာနာဂျုံးဇာတ်လမ်းတွဲထဲမှ အမေရိကန်နှင့်ဆိုဗီယက်တို့ စစ်အေးကာလတွင် နှစ်ဖက်သူလျှိုများ အစွမ်းပြိုင် ထောက်လှမ်းကြပုံကို သည်းထိတ်ရင်ဖို ရိုက်ကူးထားသည့် INDIANA JONES 4 (INDIANA JONES AND THE KING DOM OF THE CRYSTAL SKULL) ဇာတ်ကား ပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားတွင် နာမည်ကြီး သရုပ်ဆောင်မင်းသားကြီး ဟာရစ်ဆင်ဖို့ ပါဝင်သည်။

မင်္ဂလာရုံတွင်သာမန်လူသားများနှင့်မတူ ထူးခြားသည့် စွမ်းအင်ပိုင်ဆိုင်ထားသည့် သံမဏိလူသားလူသန်ကြီး တစ်ဦး၏ဘဝကို ရိုက်ကူးထားသည့် IRON MAN ဇာတ်ကြမ်းကားပြသမည်ဖြစ်သည်။

ရွှေ့ဆောင်ရုံနှင့် နေပြည်တော်ရုံများတွင် ထာဝရနုပျိုရှင်သန်မှုကို လိုချင်သူ တရုတ်ဧကရာဇ် ဘုရင်တစ်ဦးက မှော်ဆရာမတစ်ဦးထံ အကူအညီတောင်းခံရာမှ ကြုံတွေ့ရသော အဖြစ်အပျက်များကို ရိုက်ကူးထားသည့် တရုတ်နန်းတွင်း ဇာတ်ကြမ်းကား THE MUMMY: TOMB OF THE DRAGON EMPEROR ဇာတ်ကားပြသမည်ဖြစ်ပြီး ၎င်းဇာတ်ကားတွင် နာမည်ကြီး ကွန်ဖူးမင်းသားဂျက်လီ ပါဝင်သည်။

အိန္ဒိယရုပ်ရှင်

ဘုရင့်ရုံတွင် နာမည်ကြီး သရုပ်ဆောင် ရာဂျိနီကန်းပါဝင်သည့် CHANDRAMUKI အချစ်ဇာတ်ကား၊ မြို့မရုပ်ရှင်ရုံတွင် မင်းသားကြီး အမိတာဘချမ်းပါဝင်သည့်အင်္ဂလိပ်စာတန်းထိုး အကယ်ဒမီဆုရဇာတ်ကား AETBAAR ဇာတ်ကားနှင့် ဆုထူးပန်ရုံတွင် YAADEIN နာမည်ကြီး အချစ်ဇာတ်ကားများ ပြသမည်ဖြစ်သည်။

(ကြေးမုံ)

ရင်ခုန်နှင်းဆီဇာတ်ကားမှ မို့မို့မြင့်အောင်နှင့် သက်မွန်မြင့်တို့၏ သရုပ်ဆောင်ဟန်ကို ရှုစားရစဉ်။

▲ **ရွှေဖုံးမှ**

စိုက်ခင်းသို့ သွားရောက်၍ အောင်မြင် ဖြစ်ထွန်းနေသည့် ဝါပင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် ဒေသခံတောင်သူများအား တွေ့ဆုံအမှာစကားပြောကြားပြီး မြေဩဇာများ၊ ဝါပိုးသတ်ဆေးများနှင့် ငွေချည်(၆) ချည်မျှင်ရှည်ဝါ မျိုးစေ့များကို ကြည့်ရှုစစ်ဆေးသည်။

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ယခုနှစ်တွင် ဝါစိုက်ဧက ၁၁၉၀၀ စိုက်ပျိုးရန်လျာထားပြီး ယနေ့ထိ ဝါစိုက်ဧက ၁၀၀၉၇ဧက စိုက်ပျိုးပြီးစီးကာ လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ တိုင်းမှူးသည် စိုက်ပျိုးရေးသုတေသနခြံသို့ သွားရောက်၍ ကြက်ဆူဆီ ထုတ်ယူရန် အခြောက်လှန်းထားသည့် ကြက်ဆူသီးများ၊ အထွက်နှုန်းကောင်းစေရန် စမ်းသပ်စိုက်ပျိုးထားသည့် ကြက်ဆူစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ပိုလ်ချုပ်မောင်မောင်ဆွေ မီးသတ်စခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေသည် စက်တင်ဘာ ၂ရက်တွင် နေပြည်တော်၊ နေပြည်တော်လယ်ဝေးနှင့် နေပြည်တော်ပျဉ်းမနား မီးသတ်စခန်းများရှိ မီးသတ်ယာဉ်များကြံ့ခိုင်မှုနှင့် တပ်ဖွဲ့ဝင်မိသားစုများ၏ နေအိမ်ခန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✳ **ပဲခူးရိုးမမှ**

(၇)မိုင်စခန်းကိုရောက်ရှိခဲ့သည်။ တောအုပ် ဦးဝင်းသန်း၊ တောခေါင်း ဦးမြင့်ကျော်တို့က ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးအတွက် စလူကြီးဝိုင်းအကွက်အမှတ်(၂၅၆) ကျေးရွာသုံးစိုက်ခင်း ၂/ ၂၀၀၆ ဧက ၁၀၀တွင် အော်ရီရှား၊ မန်ဂျန်ရှားပင်များစိုက်ပျိုးထားကြကာ ရှင်သန်ကြီးထွားလျက်ရှိပြီး ကျေးရွာသုံးထင်းစိုက်ခင်းထူထောင်ထားသည်ကိုလည်းတွေ့ရသည်။

ဆက်လက်၍ ပဲခူးမြို့နယ် ဝါးကတုတ်ဆည် ရေဝေရေလဲစိုက်ခင်းအမှတ်၂/၂၀၀၆၊ စလူကြီးဝိုင်းအကွက်အမှတ် ၂၅၁/ ၂၅၂/ ၂၅၃/ ၂၆၄/ ၂၆၅သို့ ကွင်းဆင်းလေ့လာခဲ့ရာ စိုက်ခင်းဧက ၃၀၀တွင် ပျဉ်းကတိုး၊ ပိတောက်၊ အော်ရီရှားနှင့် မန်ဂျန်ရှားပင်များ စိုက်ပျိုးထားကြရာ ဖြစ်ထွန်းအောင်မြင်နေသည်ကို တွေ့ရပြန်သည်။

ပဲခူးမြို့နယ်တစ်ခုလုံး၏ အနောက်ဘက်ခြမ်းသည် တောတောင်များထူထပ်သော ကုန်းမြေပိုင်းဖြစ်ပြီး မြောက်ပိုင်းတွင် ပိုမိုမြင့်မား၍ အဖိုးတန်သစ်များပေါက်ရောက်သော သစ်တောကြိုးဝိုင်းများရှိသည်။

၂၀၀၆-၂၀၀၇ခုနှစ် တောင်ဇာမရီကြိုးဝိုင်းတွင် ကျွန်းအထူးဧက ၁၀၀၀၊ စလူကြိုးဝိုင်းတွင်ကျေးရွာသုံး အော်ရီရှား၊ မန်ဂျန်ရှား အပင်များ ဧက ၁၀၀၊ ရေဝေရေလဲဧက ၃၀၀၊ ခြံစည်းရိုးကြက်ဆူပင် ဧက ၂၀၀ ပေါက်ရောက်မှုအားကောင်းမွန်လျက် စိမ်းလန်းစိုပြည်နေသည်။ ၂၀၀၇-၂၀၀၈ ခုနှစ်စိုက်ခင်းများတွင် ရွှေလောင်ကြိုးဝိုင်း၌ စီးပွားရေးကျွန်း စိုက်ခင်းဧက ၁၂၅၀ စိုက်ပျိုးခဲ့ရာ ၉၄ဒသမ၅၀ရာခိုင်နှုန်း ဖြစ်ထွန်းနေပေသည်။ ကျေးရွာသုံးစိုက်ခင်းတွင် စလူကြိုးဝိုင်း၌ ဧက၁၅၀၊ ရေဝေရေလဲစိုက်ခင်းအကွက် ၂၅၁/ ၂၅၂/ ၂၅၃/ ၂၆၃တို့တွင် ဧက ၄၅၀စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်။

ထို့နောက် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်စိုက်ခင်းတည်ထောင်ခဲ့ကြရာ ၂၀၀၄-၂၀၀၅ မှ ၂၀၀၇-၂၀၀၈ခုနှစ်အထိ ကျေးရွာပေါင်း ၂၆ရွာတွင် စိုက်ပျိုးပြီး ဧရိယာဧက ၁၅၁ဧက ရှိခဲ့ကြသည်။ ပဲခူးမြို့နယ်တွင် ထင်းအစားထိုး လောင်စာသုံးစွဲရေးတွင် ၂၀၀၄-၂၀၀၅ မှ ၂၀၀၇-၂၀၀၈ခုနှစ်အထိ အေဝမ်းမီးဖိုနှင့် စပါးခွံမီးဖို စုစုပေါင်း ၉၃၃၈လုံး သုံးစွဲခဲ့ကြောင်း သိရှိရသည်။

ထို့နောက် ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်သို့ ဆက်လက်ထွက်ခွာလာခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်းမ(အသစ်) မိုင်တိုင် ၇၈/၅ မှ ၇၉/၄တွင် ၂၀၀၇-၂၀၀၈ အတွက် စိုက်ပျိုးထားသော ရဲနွယ်ကြိုးဝိုင်း အကွက်အမှတ်-၉၁ ၌ စီးပွားရေးကျွန်း စိုက်ခင်းဧက ၃၅၀ကို ကွင်းဆင်းလေ့လာခဲ့သည်။

ဆက်လက်၍ ဒိုင်းတစ်ရာကျေးရွာ၊ သံပရာခုန်အုပ်စုတွင် ကျေးရွာသုံးထင်းစိုက်ခင်းကို တည်ထောင်ထားရာ အော်ရီရှား၊ မယ်ဇလီ၊ မန်ဂျန်ရှား အပင်များ စိုက်ပျိုးထားကြသည်။ ၂၀၀၄-၂၀၀၅ခုနှစ် စိုက်ခင်းဖြစ်၍ အပင်များ ကြီးထွားစိမ်းစိုလျက်ရှိနေသည်။

ကျောက်တံခါးမြို့နယ်တွင် ကျွန်းအထူးစိုက်ခင်းများကို ၂၀၀၄-၂၀၀၅ မှ ၂၀၀၇-၂၀၀၈ ခုနှစ်အထိ ဘိုင်းဒါးကြိုးဝိုင်း၌ ဧကပေါင်း ၂၆၅၀ စိုက်ပျိုးခဲ့ကြသည်။

ကျောက်တံခါးမြို့နယ်တွင် အထက်ရွက်ပြတ်ရောနှောတောများတွင် ကျွန်း၊ ပျဉ်းကတိုးများပေါက်ပြီး မျောက်ချော၊ ဘင်္ဂ၊ ယမနေ၊ သရက်၊ တောင်ပိန္နဲ၊ ထောက်ကြံ့၊ ပျဉ်းမ၊ လယ်ဇ၊ ကညင်၊ သဃ်န်း၊ ဖန်ခါး၊ သပြေ၊ သင်္ဂဒူ၊ သစ်ခါး၊ နံ့ပဲ၊ ငွေး၊ ဒီဒူး၊ လက်ပံ၊ မျောက်ငိုပင်များ ပေါက်ရောက်နေကြပြီး ကြသောင်းဝါး၊ တင်းဝါး၊ ဝါးယား၊ ဝါးပိုးမျက်ဆံကျဲများ ပေါက်ရောက်ကြသည်။

ထို့နောက် ပဲခူးခရိုင် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများဆောင်ရွက်နေသော ဒိုက်ဦးမြို့နယ်သို့ ထွက်ခွာခဲ့ပြီး ကျွန်းစိုက်ခင်း အကွက်အမှတ် ၁/၂နှင့် ဘိုင်းဒါးကြိုးဝိုင်းတွင် ၂၀၀၆-၂၀၀၇ခုနှစ်နှင့် ၂၀၀၇-၂၀၀၈ ခုနှစ်က ထူထောင် စိုက်ပျိုးထားသော ကျွန်းစိုက်ခင်းဧက ၁၀၀၀ နှင့် ဧက ၇၅၀ စိုက်ခင်းများကို တွေ့ရှိရသည်။

ဒိုက်ဦးမြို့နယ် ရေဝေရေလဲစိုက်ခင်းများကို ကောလိယဆည် ရေဝေရေလဲ ဧရိယာအား ထိန်းသိမ်းကာကွယ်ရန် ရည်ရွယ်၍ စိုက်ပျိုးခဲ့ကြသည်။ ထင်းစိုက်ခင်းအဖြစ် စလူကြိုးဝိုင်း ဧကပေါင်း ၄၅၀တွင် မယ်ဇလီ၊ အော်ရီရှား၊ မန်ဂျန်ရှား စသောအပင်များ တည်ထောင်ဖြစ်ထွန်းလျက် ရှိနေပေသည်။

ထင်းစိုက်ခင်းများကို တည်ထောင်ပြီး ငါးနှစ်အကြာတွင် နီးစပ်သည့် မအူတန်း၊ ဘောနီ၊ အေးမခ၊ ဘိုတဲလေး စသောကျေးရွာများသို့ လွှဲအပ်၍ သုံးစွဲစေခြင်းအားဖြင့် သစ်တော ကာကွယ်မှုများကို ဆောင်ရွက်နိုင်ကြသည်။

ပဲခူးရိုးမကို ကျွန်းသစ်စိုက်ပျိုးပေါက်ရောက်ရာဒေသတစ်ခုအဖြစ် ထာဝစဉ်တည်မြဲစေရန်၊ သစ်တောပြုန်းတီးမှုကို ထိန်းသိမ်းခြင်းနှင့် သစ်တောဥပဒေဖြင့် ကာကွယ်ရန်၊ တည်ဆောက်ထားသည့် ဆည်များ၊ ရေဝေရေလဲဒေသများ စနစ်တကျထိန်းသိမ်းရန်နှင့်ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများတည်ထောင်ခြင်းစသော ရည်ရွယ်ချက်များ ပေါက်ရောက်အောင်မြင်သည်နှင့်အမျှ ပဲခူးရိုးမသည်လည်း စိမ်းလန်းစိုပြည်နေမည်မှာ မလွဲဧကန်ဖြစ်ပါသည်။

စီးပွားရေး ကျွန်းစိုက်ခင်း

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်မှ ၂၀၀၇-၂၀၀၈ခုနှစ် ရဲနွယ်ကြိုးဝိုင်း အကွက် ၉၀ အတွင်း စီးပွားရေးကျွန်းစိုက်ခင်းဧက ၃၅၀၌ တစ်နှစ်သားအရွယ် ကျွန်းပင်များစိုက်ပျိုးဖြစ်ထွန်းနေသည်ကို တွေ့ရစဉ်။

ကျောက်ချောလမ်းခင်း

ပုလဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ခုဘဏ္ဍာရေးနှစ်အတွင်း (မြို့ပြ) မြိုင်စည်-၁ မြို့ပတ်လမ်းအပိုင်း ကျောက်ချောလမ်းခင်း ဆောင်ရွက်နေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်အေး၊ အမှုဆောင်အရာရှိ ဦးလှမြင့်တို့ ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဖြိုးမင်းဝင်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၉-၂၀၀၈ (စနေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	“ပညာရှိသူဖြစ်ပါစေ” တရားတော် (မဏိရတနာဆရာတော် ဘဒ္ဒန္တပဏ္ဍိတ)
၈း၀၀ - ၂း၀၀	Activities In The City (ဆေးတက္ကသိုလ်-၁ အဏုဇီဝဗေဒဌာနရဲ့ World Crises အကြောင်းဆွေးနွေးပွဲ)
၈း၂၀ - ၂း၂၀	သီချင်းကောင်းကောင်းသီချင်းတောင်း
၈း၄၅ - ၂း၄၅	Mikko ၏တစ်သိန်းမှစသိန်းပေါင်းများစွာပထမဦးဆုံးအကြိမ် ကံစမ်းမဲဖွင့်ပွဲမှ ကံထူးရှင်များနှင့် လျှပ်တစ်ပြက်တွေ့ဆုံခြင်း
၈း၅၅ - ၂း၅၅	တစ်ပတ်အတွင်းအားကစားသတင်း
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅ - ၃း၂၅	ရှေးဟောင်းအမွေဆည်ကန်ရေ၊ စိမ်းစိုလန်းဖြာမြကန်သာ
၉း၃၅ - ၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀ - ၃း၄၀	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာနေစိုးသော်နှင့်တွေ့ဆုံခြင်း)
၁၀း၀၀ - ၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅ - ၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀ - ၄း၁၀	ထူးခြားသွင်ပြင်သတ္တုပန်းပုရုပ်သွင်
၁၀း၃၀ - ၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅ - ၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀ - ၄း၄၀	Shopping Guide (JYANKO SUPER MARKET)
၁၁း၀၀ - ၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀ - ၅း၁၀	တေးဂီတအစီအစဉ်
၁၁း၁၅ - ၅း၁၅	ကျောင်းကျန်းမာရေးပညာပေးအစီအစဉ် (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာအောင်ထွန်း)
၁၁း၄၅ - ၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ - ၅း၅၀	ကလေးတို့အတွက်လက်ဆောင် (စန္ဒရားလေးဒေါင်ဒေါင်ဒင်နှင့် အိပ်ချင်စဖွယ်ခုတင်ငယ်)
၁၂း၀၅ - ၆း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀ - ၆း၁၀	မြစ်ရောကိုဖြတ်ကျော်လို့ အလင်းစွမ်းအားပေးကြစို့
၁၂း၃၀ - ၆း၃၀	MEGA STAR TALK (ဇော်ဝင်းထွဋ်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၃)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပညာဘဏ်တိုက် စာကြည့်တိုက်

ပန်းဘဲတန်း အထက(၂)၌ ဟောပြောပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်၊နံရံကပ်စာစောင်၊ဓာတ်ပုံပြပွဲ၊ဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို စက်တင်ဘာ ၂ ရက်က ပန်းဘဲတန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မြသန်းနှင့် ကျောင်းတာဝန်ခံဆရာမဒေါ်မြင့်မြင့်တို့က နယ်လှည့်စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။ **(ဓါတ်ပုံ)**

မြို့နယ်ဦးစီးမှူးက “ရည်မှန်းချက်ရှိရမည်” ခေါင်းစဉ်ဖြင့် ဟောပြောပြီး ဆက်လက်၍စာဖတ်ဝိုင်းကျင်းပရာစာရေးဆရာချစ်နိုင်(စိတ်ပညာ)၏“အသက်နှစ်ဆယ်အရွယ်များသို့” စာအုပ်မှ “သမီးတို့၊ သားတို့အတွက် စကားလက်ဆောင်”ကို စာဖတ်ဝိုင်း ကျင်းပသည်။ (မြို့နယ် ပြန်/ဆက်)

ပေးအပ်ချီးမြှင့်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်မှ ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် လေးဘာသာဂုဏ်ထူးရ ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

✳ ကျောဖုံးမှ

ခြောက်ဘာသာဂုဏ်ထူးရ ကျောင်းသူတစ်ဦး၊ လေးဘာသာဂုဏ်ထူးရ ကျောင်းသူတစ်ဦး၊ သုံးဘာသာဂုဏ်ထူးရ ကျောင်းသားနှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူငါးဦးနှင့် တစ်ဘာသာဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၁၈ ဦးတို့အား လည်းကောင်း၊ ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော လေးဘာသာဂုဏ်ထူးရ ကျောင်းသူသုံးဦး၊သုံးဘာသာဂုဏ်ထူးရ ကျောင်းသား နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရ ကျောင်းသား ငါးဦးနှင့် တစ်ဘာသာဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူ ၁၈ ဦးတို့အား လည်းကောင်း ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီးပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က ထူးချွန်စွာ အောင်မြင်အောင်သင်ကြားပေးခဲ့ကြသောအထက်တန်းကျောင်းခြောက်ကျောင်းတို့မှ ကျောင်းအုပ်ကြီးများနှင့် အထက်တန်းပြ၊ အလယ်တန်းပြနှင့် မူလတန်းပြ ဆရာ၊ ဆရာမ ၂၄၅ ဦးတို့အားဂုဏ်ပြုဆုငွေများကိုပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လက်ခံကြသည်။

ယင်းနောက် ဆားလင်းကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဝင်းက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စစ်ကိုင်းတိုင်း မုံရွာခရိုင်ဆားလင်းကြီးမြို့နယ်အတွင်း ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာဂုဏ်ထူးရှင်လေးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၃၆ ဦး စုစုပေါင်း ၅၅ ဦးတို့ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်အနေဖြင့် ပြည်သူများ သက်သာချောင်ချိစေရန် ရည်ရွယ် စက်သုံးဆီဈေးနှုန်းကို ကမ္ဘာ့ပေါက်ဈေးထက် လျှော့ချဖြန့်ဖြူးပေး

နေပြည်တော် စက်တင်ဘာ ၅

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ရေနံချက်စက်ရုံမှူးများ၊ တိုင်းရောင်းဝယ်ရေးအရာရှိများ၊စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဝန်ကြီးက ပြောကြားရာ၌ ယနေ့ကမ္ဘာ့ စက်သုံးဆီဈေးနှုန်း မြင့်မားလျက်ရှိသော်လည်း နိုင်ငံတော်အနေဖြင့် ပြည်သူများ သက်သာစေရန် ရည်ရွယ်၍ စက်သုံးဆီဈေးနှုန်းများကို ကမ္ဘာ့ပေါက်ဈေးထက်လျှော့ချကာ ရောင်းဝယ်ဖြန့်ဖြူးပေးလျက်ရှိသဖြင့် စက်သုံးဆီ အရောင်းဆိုင်ဝန်ထမ်းများ အနေနှင့် အခြင်အတွယ် ပြည့်ပြည့်ဝဝ ရောင်းချပေးနိုင်ရန်၊ စက်သုံးဆီ မသမာမှုများ ပပျောက်စေရန်တို့အတွက်တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနမှ နည်းလမ်းပေါင်းစုံဖြင့် စုံစမ်း စစ်ဆေးသွားမည်ဖြစ်ပြီး မသမာမှုများ တွေ့ရှိပါက ပြင်းပြင်းထန်ထန် အရေးယူသွားမည်ဖြစ်ကြောင်း၊ ရေနံချက်စက်ရုံများ၊ ပင်မသိုလှောင်ဌာနများနှင့် စက်သုံးဆီအရောင်းဆိုင်များ တစ်ခုနှင့်တစ်ခု စက်သုံးဆီထုတ်ပေး၊ သယ်ယူ၊ ဖြည့်တင်းရာတွင် တိတိကျကျမှန်မှန်ကန်ကန် ဖြစ်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်း (Enterprise) အလိုက် ဦးဆောင် ညွှန်ကြားရေးမှူးများမှ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ပြည်သူကို အလုပ်အကျွေးပြုရသော ပြည်သူ့ဝန်ထမ်းများပီပီ ပြည်သူလူထုနှင့် ပြေပြစ်စွာ ဆက်ဆံသွားကြရန် လိုကြောင်းဖြင့် အသေးစိတ် မှာကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများ၏ တင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်ဆည်းပေးပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် လုပ်ငန်းတာဝန်ချမှတ်နိုင်ရေးစီမံကိန်းသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

ရန်ကုန် စက်တင်ဘာ ၅

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင်နိုင်ငံများ၏ အုပ်ချုပ်စီမံမှုဆိုင်ရာနှင့် အမှုဆောင်ကော်မတီဝင်များ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များ ချမှတ်နိုင်ရေး စီမံကိန်းကို ကမ္ဘောဒီးယားနိုင်ငံတွင် စက်တင်ဘာ၅ရက်နှင့် ၆ရက်တို့တွင် ဖွင့်လှစ်လျက်ရှိရာ အဆိုပါ စီမံကိန်းသို့ တက်ရောက်ရန်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA) ဖူဆယ်/သဲသောင်ပြင်ဘောလုံးကော်မတီ အမှုဆောင်နှင့် အာရှဘောလုံးအဖွဲ့ချုပ်(AFC)ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ ကော်မတီအမှုဆောင် ဦးဇော်ဇော်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်၊ အမှုဆောင်များဖြစ်ကြသည့်ဘဏ္ဍာရေးမှူးဦးသန်းဇော်၊ ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးတင်အောင်(ဂိုး)နှင့် နည်းစနစ်ဒါရိုက်တာ ဦးစိုးမြင့်လွင်တို့ ယနေ့ ကြိုတင်ထွက်ခွာသွားပြီဖြစ်သည်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်သည် အဆိုပါ စီမံကိန်းကို ယနေ့ မြန်မာနိုင်ငံတွင် ပထမဦးဆုံးအကြိမ်အဖြစ် စက်တင်ဘာ ၁ ရက်နှင့် ၂ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ယခု ကမ္ဘောဒီးယားနိုင်ငံတွင် ဆက်လက်ဖွင့်လှစ်ခြင်းဖြစ်သည်။ (ကြေးမုံ)

အမှာစကား ပြောကြား

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

■ သိမှတ်ဖွယ်ရာ သတင်းပဒေသာမှ

အလက်ဇန္ဒြီးယား ပင်လယ်အော်တွင် ရေအောက်ပြတိုက် တည်ဆောက်မည်

ကုလသမဂ္ဂ စက်တင်ဘာ ၅

မြေထဲပင်လယ်ရှိ အလက်ဇန္ဒြီးယားပင်လယ်အော်တွင် အီဂျစ်နိုင်ငံက ရေအောက်ပြတိုက်တစ်ခု တည်ဆောက်မည်ဖြစ်ရာ အဆိုပါစီမံကိန်းတွင် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို)က ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၄ ရက်က ကြေညာချက်ထုတ်ပြန်သည်။

အဆိုပါရေအောက်ပြတိုက်ကို ကလီယိုပါထရာ၏နန်းတော်နှင့် ဒဏ္ဍာရီဆန်သည့် အလက်ဇန္ဒြီးယား မီးပြတိုက်တို့ တည်ရှိခဲ့သည်ဆိုသည့်ဒေသတွင် တည်ဆောက်သွားမည်ဖြစ်ပြီး ပထမဆုံးရေအောက်ပြတိုက်ဖြစ်လာမည်ဖြစ်သည်။

ပြတိုက်သည် ရေပေါ်တွင် တစ်စိတ်တစ်ပိုင်းတည်ရှိကာ ပင်လယ်ကြမ်းပြင်ပေါ်ရှိ ရှေးဟောင်းယဉ်ကျေးမှု လက်ရာများကို လာရောက်လေ့လာသူများတွေ့မြင်နိုင်သည့် ရေအောက်အစိတ်အပိုင်းလည်း ပါဝင်မှာဖြစ်ကြောင်း ယူနက်စကို၏ ကြေညာချက်တွင် ဖော်ပြထားသည်။

“ဒီစီမံကိန်းက ရေအောက်ယဉ်ကျေးမှုအမွေအနှစ်တွေကို တန်ဖိုးထားမှု ပိုမိုတိုးပွားလာစေမှာသေချာပါတယ်။ နောက်ပြီး ရှေးဟောင်းပစ္စည်းတွေကိုခိုးယူနေမှုကနေအလျင်အမြန်အကာအကွယ်ပေးဖို့လိုအပ်တယ်ဆိုတဲ့ အသိတရားတွေ ပိုမိုနိုးကြားလာစေမှာ ဖြစ်ပါတယ်” ဟု ယူနက်စကိုညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။ ***အင်တာနက်။***



စက္ကူစာအုပ်ကိုအစားထိုးနိုင်သည့် ဒစ်ဂျစ်တယ်စာအုပ်

လန်ဒန် စက်တင်ဘာ ၅

စက္ကူအသုံးပြုစာအုပ်များနေရာကို တစ်ချိန်ချိန်တွင် အစားထိုးနေရာယူလာနိုင်သည့် ဒစ်ဂျစ်တယ်စာအုပ်တစ်မျိုးကို ဗြိတိန်နိုင်ငံ၌ ဝယ်ယူနိုင်တော့မည်ဖြစ်သည်။ Sony က တီထွင်လိုက်သည့် ဒစ်ဂျစ်တယ်စာအုပ်ကလေးသည် လက်ရှိ အသုံးပြုနေသော စက္ကူသားစာအုပ်များအား အပြီးအပိုင်ကွယ်ပျောက်သွားစေနိုင်မည့် ခြေလှမ်းတစ်ရပ်ဖြစ်လာနိုင်သည်ဟု သိရှိရသည်။ ယခုအခါဗြိတိန်နိုင်ငံ အတွင်းတွင် တရားဝင်စတင်ရောင်းချတော့မည်ဖြစ်သော အဆိုပါဒစ်ဂျစ်တယ်စာအုပ်ကလေးသည် သာမန်စက္ကူစာအုပ်တစ်အုပ်၏ အရွယ်မျှသာရှိသည်။ သို့သော်လည်း ဂန္ထဝင်ဝတ္ထုကြီး ၁၆၀ မျှကို ထည့်သွင်းထားနိုင်သောမှတ်ဉာဏ်ပမာဏကြောင့်သာမန်စာအုပ်များထက်အချိန်ကြာမြင့်စွာ ဖတ်ရှုနိုင်မည်ဖြစ်ကြောင်း Sony က ပြောကြားခဲ့သည်။ ၁၉၉ဒေါ်လာဈေးနှုန်းသတ်မှတ်ထားပြီး ဗြိတိန်နိုင်ငံအတွင်း Sony နှင့် Waterstone'sတို့မှ ရောင်းချသွားမည်ဖြစ်သော အဆိုပါစာအုပ်ကလေးများကို ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဖြူးသွားနိုင်မည်ဟု Sony က ယုံကြည်လျက်ရှိသည်။ စာအုပ်လေးသည် ပိုမိုပေါ့ပါးပြီး ဘက်ထရီသက်တမ်းမှာလည်း စစ်နှင့် ငြိမ်းချမ်းရေးဂန္ထဝင်ဝတ္ထုတွဲကြီးအစအဆုံးကို ငါးကြိမ်ပြန်ဖတ်နိုင် အောင် အသုံးခံကြောင်းသိရသည်။ မှတ်ဉာဏ်ပမာဏ ၂၀၀ မီဂါဘိုက် ထည့်သွင်းထားသော အဆိုပါ ဒစ်ဂျစ်တယ်စာအုပ်ကလေးသည် နောက်ဆုံးဖတ်ရှုခဲ့သည့် စာမျက်နှာကို မှတ်သားထားပေးမည်ဖြစ်ပြီး စာလုံးအရွယ်အစားကိုလည်း လိုအပ်သလို ချဲ့နိုင်ချုံ့နိုင်သည်ဟုဆိုသည်။ ***(အင်တာနက်)***

❑ သက်ရှိများမှ

များကို ဆက်လက်ရှာဖွေမည် ဖြစ်သည်။ ယင်းအာကာသယာဉ်သည် ၁၉၉၄ ခုနှစ်မှစပြီး ထူးဆန်းသော ဂြိုဟ်ပေါင်း ၃၀၀ကျော်ကို ရှာဖွေခဲ့သည်။

ဂြိုဟ်အများစုမှာ သက်ရှိများအတွက် အထောက်အကူမဖြစ်နိုင်သော ဓာတ်ငွေ့နှင့် ရေခဲများပါသော ကြယ်စုများက လှည့်ပတ်နေကြကြောင်း၊ ယင်းအာကာသယာဉ်မှ နေနှင့်တူသော ကြယ်တာရာများ လှည့်ပတ်နေသည့် ကမ္ဘာဂြိုဟ်နှင့်တူသည့် ဂြိုဟ်များကို ရှာဖွေနေကြကြောင်း နာဆာကပြောကြားသည်။

ယင်းရှာဖွေမှုကို နာဆာမှ အကူအညီပေးမည်ဖြစ်ပြီး လာမည့်နှစ်တွင် စတင်မည်ဖြစ်ကြောင်း နာဆာကပြောကြားသည်။ ၎င်းဖဲလိုးရှစ်အာကာသယာဉ်သည် ၁၉၉၄ခုနှစ်မှစပြီး ဂြိုဟ်အလုံးပေါင်း ၃၀၀ ကိုလည်း ရှာဖွေသွားမည်ဟုဆိုသည်။

စကြဝဠာအတွင်း ကမ္ဘာနှင့် တူသော ဂြိုဟ်များကိုလည်း နာဆာအဖွဲ့က ဆက်လက် ရှာဖွေလျက်ရှိသည်။လာမည့်နှစ်တွင်နာဆာအဖွဲ့က ဂြိုဟ်များထက်ငယ်သော ကြယ်တာရာ အလုံးပေါင်း ၁၀၀၀၀၀ ခန့်ကိုလည်းသုတေသနပြုရှာဖွေလေ့လာသွားမည်ဟုဆိုသည်။

သိပ္ပံပညာနှင့်ဆာဂန်ကို ဂုဏ်ပြုသောအားဖြင့်နာဆာအဖွဲ့က နှစ်စဉ် သိပ္ပံပညာရှင်လေးဦးမှ ငါးဦးအထိ ဆုများချီးမြှင့်ပေးအပ်လျက်ရှိသည်။

အာကာသသိပ္ပံပညာရှင်ဖြစ်သည့် ဆာဂန်သည်၁၉၉၆ခုနှစ်တွင်အသက် (၆၂)နှစ်အရွယ်၌ ကွယ်လွန်ခဲ့သည်။ ၎င်းသည် နေအဖွဲ့အစည်းအပြင်ဘက်ရှိ ထူးဆန်းသော ဂြိုဟ် ၁၁လုံး ကိုသာ တွေ့ရှိခဲ့သည်။

မိမိတို့သည် လွန်ခဲ့သော ၁၀နှစ်က ဂြိုဟ်များနှင့် ကြယ်တာရာများ ဆက်နွယ်တည်ရှိနေမှုကို ကောင်းစွာမသိခဲ့ကြသေးကြောင်း၊ ယခုအခါ ဂြိုဟ်များအကြောင်းနှင့် ပတ်သက်၍ တစ်စတစ်စ သိရှိလာနေပြီဖြစ်ကြောင်း၊ မကြာမီနှစ်များအတွင်း ကမ္ဘာများအကြောင်းကိုလည်းသိလာနိုင်တော့မည်ဖြစ်ကြောင်း နာဆာမှ ထူးခြားဂြိုဟ်များဆိုင်ရာ ညွှန်ကြားရေးမှူး ချာလီဘီးချ်မန်းက နာဆာ သိပ္ပံသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ***အင်တာနက်။***

နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုအထိမ်းအမှတ် ပန်းချီအနုပညာ အလှူပွဲတော်ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၅

နှင်းဆီကုန်း ဘိုးဘွားရိပ်သာ စိန်ရတုအထိမ်းအမှတ် ပန်းချီ အနုပညာပွဲတော် ကျင်းပနိုင်ရေးအတွက် နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့နှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)တို့ ပူးပေါင်းပါဝင်သည့် ညှိနှိုင်းအစည်းအဝေးကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀း၃၀နာရီက ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာတစ်နိုင်ငံလုံးမှ ပန်းချီပညာရှင်များ ပါဝင်ပြသ ရောင်းချသည့် ပန်းချီအနုပညာ အလှူပွဲတော်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ စိန်ရတုခန်းမလေးထပ်ဆောင်ကြီးတွင် နိုဝင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြသရောင်းချမည်ဖြစ်ရာ ပညာရှင်တစ်ဦးလျှင် ၃ပေ×၄ပေ အရွယ်ထက်မကြီးသော ပန်းချီကားချပ်နှစ်ချပ်နှုန်းပေးပို့နိုင်သည်။ ပန်းချီကားများကို စက်တင်ဘာ ၂၀ ရက်မှ အောက်တိုဘာ၁၅ရက်အထိဘိုးဘွားရိပ်သာ စိန်ရတုခန်းမသို့ ရုံးချိန်အတွင်း ပေးပို့နိုင်သည်။

အသေးစိတ်သိလိုပါက ဖုန်း ၃၈၅၂၅၉ နှင့် ၂၄၀၉၆၆ လိုင်းခွဲ ၇၀၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ (ကြေးမုံ)

၂၀၀၈ ခုနှစ် (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုဘာသာရပ်အတွက် ပြိုင်ပွဲဝင်များလေ့လာရန် တေးသီချင်းများ

မဟာဂီတ

၁။ ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) နရန်းမြောင် (သံဆန်း)
(ခ) စိုးအမွှန်မှူး (ပတ်ပျိုး)
(ဂ) ရွှေပန်းပန်အစချီ (လေးထွေသံကတ်နှင့် မြင်းခင်း)
(ဃ) စိန်မြရုံခြယ် (မွန်)
(င) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(စ) လွမ်းခလေ့ (ပတ်ပျိုး)
(ဆ) ခွာပြာသင်း (ပတ်ပျိုး)
(ဇ) သံသာညိုးညင်း (သီချင်းခံ)
(ဈ) စိမ့်ကြီးမြိုင်ကြီးသဇင်ပန်းဘွဲ့ (ရကန်-အမျိုးသား)
(ည) တန်ခူးလဘွဲ့ (အဲချင်း-အမျိုးသမီး)

၂။ ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ဖြေနိုင်ပေါင် (ပတ်ပျိုး)
(ခ) ထောင်ရောင်နေကသာ (သီချင်းခံ)
(ဂ) ရွှေယင်ပေါင်ငွေယင်ပေါင် (ပတ်ပျိုး)
(ဃ) တောတောင်စွယ် (ယိုးဒယား)
(င) နှင်းယွန်းဂိမှာန် (မွန်)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ကောင်းချီးသင်္ခါအစချီ (မွန်)
(ခ) မြိုင်ခြေစုံသာ (ပတ်ပျိုး)
(ဂ) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
(ဃ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)

၄။ အခြေခံပညာအသက်(၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)
(ခ) အောင်မင်္ဂလာ (ယိုးဒယား)
(ဂ) ရွှေတညာ (ယိုးဒယား)
(ဃ) ဆယ်ဆယ်ရောင် (ဒိန်းသံ)

၅။ အခြေခံပညာအသက်(၁၀ နှစ်ပြည့် မှ ၁၅ နှစ်အတွင်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) မှန်ရဝေ (ပတ်ပျိုး)
(ခ) ညာသပြေဘောင် (ကြိုး)
(ဂ) မြိုင်ဟေမာ (ယိုးဒယား)
(ဃ) မြသို့ငယ်စိမ်းနု (ဘွဲ့)

၆။ အခြေခံပညာအသက် (၅ နှစ်ပြည့်မှ ၁၀ နှစ်အတွင်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)

(က) ရန်တကာအောင် (ဘွဲ့)
(ခ) ကန္တာတောခြေ (ယိုးဒယား)
(ဂ) စံရာဘုံမြင့် (ကြိုး)
(ဃ) မြမန်းဂိရိ (ယိုးဒယား)

ကာလပေါ်တေး/ခေတ်ဟောင်းတေး

၁။ ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား)

(က) ဇရာ — ကိုမင်းနောင်
(ခ) ပတ္တမြားပလ္လင် — ဂီတာစိမ်းမောင်
(ဂ) စိမ့်ကြီးမြိုင်ကြီး — ကိုအံ့ကြီး
(ဃ) ရပ်ကြီးသူ — ဦးသိန်းကြွယ်
(င) တောင်သမန် — နန်းတော်ရှေ့ဆရာတင်
(စ) ဘုံခမ္ဘတာ — ဥသြဘသောင်
(ဆ) ကျောင်းတော်ရာ — ပြည်ဘရှင်
(ဇ) ပန်းစုံတဲ့တော — ခင်မောင်ရင်
(ဈ) ဗုဒ္ဓသာသနာရောင် — ဥသြဘသောင်
(ည) မင်္ဂလာတော် — ဥသြဘသောင်

၂။ ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသမီး)

(က) နီးအောင်ပင်လှမ်း — ဒေါ်ကြည်အောင်
(ခ) ဆယ့်နှစ်လရာသီ — မေမေဝင်း
(ဂ) မဟာတြိရတနာ — ရီရီသန့်
(ဃ) သုံးရွှေ့လယ် — ဒေါ်ကြည်အောင်
(င) ဂီတအခြေခံ — အဖွဲ့
(စ) မေတ္တာဝေသံဆန်း — တင်တင်မြ
(ဆ) နွေဦးတေးသံ — မေလှမြိုင်
(ဇ) ဝေဿန္တရာ — ရီရီသန့်
(ဈ) ပျံသန်းရမည့်နေ့ — စိန်စိန်မြိုင်
(ည) မိဘမေတ္တာ — ဒေါ်ကြည်အောင်

၃။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား)

(က) မိုး — ကိုမြကြီး
(ခ) ချစ်ရတုထံတျာ — ကိုလေးမြင့်
(ဂ) စိမ်းလဲ့ညို — မောင်မောင်ကြီး
(ဃ) လူထဲကလ — ကိုမင်းသူ
(င) ဗုဒ္ဓဂုဏ်ရည်ခြောက်ရောင်ခြည် — ကိုမင်းနောင်
(စ) စာဆိုစစ်သည် — စန္ဒရားထွန်းညွန့်

၄။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်(အမျိုးသမီး)

(က) တောင်တန်းပြာနဲ့ကျောပိုးအိတ် — တင်တင်မြ
(ခ) အာရောဂျ — ဒေါ်ကြည်အောင်
(ဂ) ဖူးစာပိုင် — ဒေါ်မေရှင်
(ဃ) ကထိန်သင်္ကန်း — စိန်ပါတီ
(င) စိမ်းရောင်စို — လေဘာတီမြရင်
(စ) ဖွားဖက်တော်ခုနစ်ပါးမှတ်သားဖွယ်ရာ — ရွှေကူနန်းနွဲ့နွဲ့

၅။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)

(က) သန္တုဋ္ဌီစ — ကိုမောင်မောင်ကြီး
(ခ) မဲဇာရွှေလီ — လေဘာတီမြရင်
(ဂ) ဂုဏ်တော်ဖွင့် — ပြည်လှဖေ
(ဃ) တိမ်တမန် — စန္ဒရားလှထွတ်

၆။ အဆင့်မြင့်ပညာအဆင့်(အမျိုးသမီး)

(က) မိုးရေစက်ကလေးဥပမာတင် — ခင်စိုးဝင်း
(ခ) ဘုတ်တလုတ်ကန် — ထား
(ဂ) တောသူချစ် — ပန်တျာတင်တင်မြင့်
(ဃ) ရွှေမိုးရယ်မှောင် — တင်တင်မြ

၇။ အခြေခံပညာအသက်(၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့် (အမျိုးသား)

(က) ဗျာပါဆံ — ကိုမင်းသူ
(ခ) ဖူးပွင့်ဝေစီဆယ့်နှစ်ရာသီ — ကိုသန်းလှိုင်
(ဂ) စိန္တာမဏိ — စောင်းဦးဘသန်း
(ဃ) မြတ်ဒေသနာ — သထုံဘသိန်း

၈။ အခြေခံပညာအသက်(၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း)အဆင့် (အမျိုးသမီး)

(က) မြန်မာ့အင်အား — လီလီကြာညွန့်
(ခ) ပွဲကြိုက်မောင် — ဒေါ်ကြည်အောင်
(ဂ) သုဝဏ္ဏသာမ — စိန်ပါတီ
(ဃ) တေမိယ — မေရှင်

၉။ အခြေခံပညာအသက်(၁၀ နှစ်ပြည့်မှ ၁၅နှစ်အတွင်း)အဆင့် (အမျိုးသား)

(က) ဗလငါးတန် — ပဲခူးတင်ဟန်
(ခ) အမေ့ပါးကသနပ်ခါး — တွံတေးသိန်းတန်
(ဂ) ဆုတောင်းပတ္ထနာ — ကိုညွန့်လွင်
(ဃ) မိန်ရာသီ — ကိုအံ့ကြီး

၁၀။ အခြေခံပညာအသက် (၁၀ နှစ်ပြည့်မှ ၁၅ နှစ်အတွင်း) အဆင့် (အမျိုးသမီး)

(က) သည်ဝါဆို — မေလှမြိုင်
(ခ) ချစ်စရာ့ပန်း — တင်တင်မြ
(ဂ) မြန်မာ့ကြွေးကြော်သံ — မေလှမြိုင်
(ဃ) ငါးဖြာအနန္တ — တင်တင်မြ

၁၁။ အခြေခံပညာအသက်(၅ နှစ်ပြည့်မှ ၁၀ နှစ်အတွင်း)အဆင့် (အမျိုးသား)

(က) ဆရာ — ထား
(ခ) ဂီတဗိမာန် — ကိုမြကြီး
(ဂ) အညာတစ်ခေါက် — ထွန်းထွန်းလေး
(ဃ) နီလစိန်ရောင်ခြည် — ကိုမင်းနောင်

၁၂။ အခြေခံပညာအသက်(၅ နှစ်ပြည့်မှ ၁၀ နှစ်အတွင်း) အဆင့် (အမျိုးသမီး)

(က) ဗုဒ္ဓသာသနံစိရံတိဋ္ဌတု — အေးအေးအောင်
(ခ) သတိရစရာလေးများ — အေဝမ်းတင်တင်လှ
(ဂ) ဒိုးကလေး — ညွန့်ညွန့်စိန်
(ဃ) မေတ္တာ — မြသက်မူ

(ဆက်လက်ဖော်ပြပါမည်)

ကြေးမုံ The Mirror ပြည်သူ့ထံမှ ပေးစာ

အသားရေထိုး အလေးချိန်မပြည့်

စာတည်းခင်ဗျား-

မန္တလေးတိုင်း ညောင်ဦးမြို့ မြို့မဈေးအတွင်းရောင်းချနေသော လိုင်စင်ရ ဝက်သား၊ ဆိတ်သား၊ အမဲသားများသည် ရေများအဆမတန်ထိုးခြင်း၊ သတ်မှတ်ထားသော ဈေးနှုန်းထက် ပိုရောင်းခြင်း၊ အလေးချိန်မပြည့်ခြင်းတို့ကြောင့် စားသုံးသူများ နစ်နာကြရပါသည်။

သို့ဖြစ်ပါ၍ သတ်မှတ်ဈေးနှုန်းနှင့်အညီ စနစ်တကျ ရောင်းချစေရေး ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ညောင်ဦးသား

ငါးပုပ်အနံ့နံ့ ပတ်ဝန်းကျင်မခံနိုင်

စာတည်းရှင့်-

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် မကျီးတန်း အရှေ့မြောက်ရပ်ကွက် ဌာနာလမ်းရှိ တိုက်ခန်းတစ်ခန်း ပထမထပ်တွင် ငါးထည့်သည့် ပုံး အခွံများ ထားရှိသဖြင့် ငါးအပုပ်နံ့များ၊ ရေဆိုးရေညစ်များကြောင့် ပတ်ဝန်းကျင်နေသူများ၏ ကျန်းမာရေးထိခိုက်ပြီး စိတ်အနှောင့်အယှက်ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

ဆေးရည်အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

ရန်ကုန်တိုင်း သာကေတမြို့နယ် (၄)မြောက်ရပ်ကွက် ရှုခင်းသာ မြို့ပတ်လမ်းနှင့် မြို့မ(၁၃)လမ်းတွင် ဖိုင်ဘာဂလပ်လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ထုရိုက်သံများ၊ လွှစက်ဖြတ်သံများနှင့် ဓာတုဗေဒ ဆေးရည်အနံ့ဆိုးများကြောင့် ရပ်ကွက်အတွင်းနေထိုင်သူများ၏ ကျန်းမာရေးကို ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းကို လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

ပစ္စည်းဟောင်းများ ပြုပြင် ထုရိုက်သံဆူညံ

စာတည်းရှင့်-

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် သီရိလမ်းတွင် ပစ္စည်းအဟောင်းမျိုးစုံ ဝယ်ရောင်းလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ပြုပြင်ထုရိုက်သံများ၊ ပစ္စည်းရွှေးချယ် တင်ပို့ရာတွင် တင်ချသံ၊ အော်ဟစ်ဆူညံသံများကြောင့် ပတ်ဝန်းကျင်တွင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ လုပ်ငန်းအား လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူများ

ကားမှတ်တိုင်မှဈေးသည်များ ဖယ်ရှားပေးစေချင်

စာတည်းခင်ဗျား-

ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းနှင့် သစ်တောလမ်းထိပ်ရှိ ကားမှတ်တိုင်သည် ယာဉ်လိုင်းအမှတ် ၁၉၉၊ ၂၁၁၊ ၂၁၀၊ (အဓိပတိ)၊ (ရွှေဧည့်သည်)၊ ၈၆၊ ၉၆၊ ၁၀၀၊ ၁၁၀၊ ၉၇၊ ၁၀၅၊ ၃၂၊ ၄၄၊ ၈၈၊ ၆၃၊ ၃၅၊ ၃၄၊ ၆၂ လိုင်းကားပေါင်းစုံ ရပ်တန့်သော ကားမှတ်တိုင်ဖြစ်ရာ ကားစောင့် ကားစီး အတက်၊ အဆင်း ခရီးသည် များပြားပါသည်။ အဆိုပါ မှတ်တိုင်အနီး စကြံတစ်လျှောက်တွင် ဈေးသည် ၂၀ ခန့် ဈေးရောင်းချလျက်ရှိရာ ခရီးသည်များ ကတ္တရာလမ်းပေါ်မှ ကားစောင့်ကားစီး ပြုလုပ်နေကြရပါသည်။

သို့ဖြစ်ပါ၍ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် စင်္ကြံပေါ်၌ ဈေးရောင်းချနေခြင်းကို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ခရီးသည်များ

ခရီးသည်များ ဂိတ်ဆုံးအထိ ပို့ဆောင်ပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ အောင်မင်္ဂလာ အဝေးပြေး ကားဝင်းအတွင်း၌ အငှားယာဉ်ဂိတ် ဖွင့်လှစ်ထားသော တက္ကစီအငှားယာဉ်များသည် ခရီးသည်တင် မှန်လုံယာဉ်များ ဆိုက်ရောက်လာသောအခါ ၎င်းတို့အငှားယာဉ်ဂိတ် ဖွင့်လှစ်ထားသောနေရာတွင် "ဂိတ်ဆုံးပြီ" ဟု ပြောဆို၍ ခရီးသည်များကို ဆင်းခိုင်းပါသည်။ ခရီးသည်များမှာ မိမိတို့မိသားစုများ လာရောက်ကြိုဆိုနေသည့် ကားဂိတ်ဆုံးသို့ လိုက်ပါသွားလိုပါသော်လည်း အော်ဟစ်ဆင်းခိုင်းခြင်းကြောင့် ကားဂိတ်သို့ ဝေးလံစွာ လမ်းလျှောက်၍ သွားရသဖြင့် အခက်အခဲများစွာ ကြုံတွေ့ခံစားနေရပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်တားဆီးပေးပါရန် တင်ပြအပ်ပါသည်။

ကိုယ်တွေ့ခံစားခဲ့ရသူများ

ခွေးလေခွေးလွင့်များ ရှင်းလင်းပေးစေလို

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်/နောက်ရပ်ကွက် (၈၈) လမ်း၊ ဒေါ်သိန်းတင်လမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းတို့တွင် ခွေးလေခွေးလွင့်များ ပေါများနေပါသဖြင့် ခရီးသွားများ အန္တရာယ်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ခွေးလေခွေးလွင့်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားတစ်ဦး

သံပန်း၊ သံတံခါးထုရိုက်သံ ဆောင်ရွက်ပြီးစီး

၁၅-၁၂-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ပုဇွန်တောင်မြို့နယ် (၅၆)လမ်းအလယ်မှ **သံပန်း၊ သံတံခါးထုရိုက်သံ ပတ်ဝန်းကျင်ဆူညံ** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့တော်စည်ပင်

ကျူးကျော်ဆိုင်များဖယ်ရှားရှင်းလင်းပြီး

၅-၇-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ပဲခူးမြို့ ရှင်စောပုရပ်ကွက်မှ လမ်းမြေပေါ်ရှိ **ကျူးကျော်ဆိုင်များ ဖယ်ရှားပေးစေလို** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

● **ကျောဖုံးမှ**

Eragon(A) အသင်း၊ အမျိုးသမီးပွဲတွင် စက်မှု(၁)အသင်းတို့က အနိုင်ရ ဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲ ပွဲစဉ်များတွင် အလွတ်တန်း အမျိုးသားပြိုင်ပွဲ၌ စက်မှု(၁) အသင်းက FOX အသင်းကို (၆၅-၄၈)မှတ်၊ အမျိုးသမီးပြိုင်ပွဲ၌ လယ်/ဆည်အသင်းက စက်မှု (၁) အသင်းကို (၇၈-၄၉)မှတ်၊ ယူ-၂၀ အမျိုးသားပြိုင်ပွဲ၌ Eragon (A) အသင်းက မိုးကုတ်အသင်းကို (၅၆-၄၈)မှတ်၊ အမျိုးသမီးပြိုင်ပွဲ၌ စက်မှု (၁)အသင်းက ရန်ကုန်တိုင်းအသင်းကို (၅၃-၅၁)မှတ်တို့ဖြင့် အသီးသီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ယူ-၂၀ အမျိုးသမီးပြိုင်ပွဲ တတိယဆုရ စစ်ကိုင်းတိုင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်း၊ ပထမဆုရ စက်မှု(၁)၊ အမျိုးသားပြိုင်ပွဲ တတိယဆုရ Golden Light House အသင်း၊ ဒုတိယဆုရ မိုးကုတ်အသင်း၊ ပထမဆုရ Eragon (A) အသင်း၊ အလွတ်တန်း အမျိုးသမီးပြိုင်ပွဲတွင် တတိယဆုရ ပြည်ထဲရေးအသင်း၊ ဒုတိယဆုရ စက်မှု(၁) အသင်း၊ ပထမဆုရ လယ်/ဆည် အသင်း၊ အမျိုးသားပြိုင်ပွဲတွင် တတိယဆုရ လယ်/ဆည်အသင်း၊ ဒုတိယဆုရ Fox အသင်း၊ ပထမဆုရ စက်မှု(၁) အသင်းတို့အား ဆုကြေးငွေများနှင့် တစ်ဦးချင်း ဆုတံဆိပ်များကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီအတွင်းရေးမှူးဒေါ်အယ်လ်ခွန်းရီနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ဝင်း၏ ဇနီး ဒေါ်နန်းမောက်လောက်ဆိုင်၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်မှ အမှုဆောင်များက ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခင်မြင့်က အာရှဘတ်စကက်ဘောအဖွဲ့ချုပ် (FIBA- ASIA) မှလာရောက် ကူညီဆောင်ရွက်ပေးသော အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီး နှစ်ဦးအား ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ အကောင်းဆုံး အားကစားသမားဆု ရရှိခဲ့သော အမျိုးသားယူ-၂၀ပြိုင်ပွဲမှ စိုင်းသီဟစိုး (Eragon-A)၊ အလွတ်တန်းပြိုင်ပွဲမှ မောင်ငယ် (စက်မှု-၁)တို့အား ဆုတံဆိပ်နှင့်ငွေသားဆုများကို လည်းကောင်း ချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးက အမျိုးသမီး အကောင်းဆုံးအားကစားသမားဆုရရှိသော ယူ-၂၀ ပြိုင်ပွဲမှ မေနှင်းဆီလွင်(စက်မှု-၁)နှင့် အလွတ်တန်းပြိုင်ပွဲမှ သက်စုထွေး (လယ်/ဆည်) တို့အား ဆုများချီးမြှင့်သည်။ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဗိုလ်စွဲခဲ့သော ယူ-၂၀ ပြိုင်ပွဲတွင် စက်မှု(၁)အမျိုးသမီးအသင်းနှင့် Eragon (A) အသင်းတို့အား တံခွန်စိုက်ဆုဖလားများကို လည်းကောင်း၊ အလွတ်တန်းပြိုင်ပွဲတွင် လယ်/ဆည် အမျိုးသမီးအသင်းအား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်း၊ စက်မှု (၁) အမျိုးသားအသင်းအား **(ဝဲပုံ)** တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဒိုင်းများကို ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၅

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နေပြည်တော် ဘောလုံးကွင်းနှင့် နေပြည်တော် ပျဉ်းမနား ပေါင်းလောင်း အားကစားပြိုင်ကွင်းတို့၌ ယနေ့ ညနေ ၃နာရီခွဲက ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးကွင်းတွင် (ဂဂ)အုပ်စုမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဘောလုံးအသင်းက ပြည်ထဲရေးဝန်ကြီးဌာန ဘောလုံးအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားပြီး ပေါင်းလောင်းအားကစားကွင်းတွင် (ဂဂ) အုပ်စုမှ သာသနာရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် ကာကွယ် ရေးဝန်ကြီးဌာန ဘောလုံးအသင်းတို့ နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ နေပြည်တော်ရှိ ဝန်ကြီးဌာန အသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် မိသားစုများ၊ အားကစားဝါသနာရှင်များတစ်ခဲနက် အားပေးကြည့်ရှုကြသည်။

၆-၉-၂၀၀၈

နေပြည်တော်ကွင်း

(ဃဃ)အုပ်စု
ကျန်းမာရေးနှင့် လူမှုဝန်ထမ်း

ပေါင်းလောင်းကွင်း

(ဃဃ)အုပ်စု
ဆက်သွယ်ရေးနှင့် ပို့ဆောင်ရေး

(၁၀၇)

အဘူဒါဘီအုပ်စုက မန်စီးတီးကို ကမ္ဘာ့အကောင်းဆုံးအသင်းဖြစ်လာရန် စီစဉ်နေ

အဘူဒါဘီ စက်တင်ဘာ ၅

ထိုင်းဝန်ကြီးချုပ် ဟောင်း သက်ဆင်ဟာ သူပိုင်ဆိုင်ခဲ့တဲ့ မန်စီးတီးအသင်းကို စက်တင်ဘာ ၁ရက်နေ့မှာ အာရပ်စော်ဘွားများနိုင်ငံမှ အဘူဒါဘီအုပ်စုထံကို ဒေါ်လာသန်း ၃၆၀ နဲ့ ပြန်လည်ရောင်းချခဲ့ပါတယ်။ အဘူဒါဘီအုပ်စုဆိုတာဟာ ယူအေအီးရဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဖွဲ့အစည်း (သို့) အဘူဒါဘီတော်ဝင်မိသားစု ပိုင်ဆိုင်တဲ့ အဖွဲ့အစည်းတစ်ခုပဲ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းပိုင်ရှင် ရုရှားနိုင်ငံသား အေဘရာမိုဗစ်ချ်ရဲ့ ကြွယ်ဝမှုက စတာလင်ပေါင် ၁၈ ဘီလီယံ ဝန်းကျင်ရှိတယ်ဆိုပေမယ့် ယခု မန်စီးတီး အသင်းပိုင်ရှင်သစ် အဘူဒါဘီအုပ်စုရဲ့ ကြွယ်ဝမှုက စတာလင်ပေါင် ဘီလီယံ ၆၀၀ နဲ့ ဘီလီယံ ၈၀၀ ကြားမှာရှိတယ်လို့ သတင်းများက ဖော်ပြထားပါတယ်။ ဒါကြောင့် သူတို့ဟာ ပေါင်သန်း ၅၀၀ အထိ အသုံးပြုပြီး မန်စီးတီးကို ကမ္ဘာ့အကောင်းဆုံး အသင်းဖြစ်လာအောင် ဆောင်ရွက်သွားမယ်လို့ ဆိုနေပါတယ်။ ဒါ့အပြင် လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံလိဂ် ဝင်ခွင့်တစ်နေရာ ရစေရမယ်လို့လဲ လေသံလွှင့်ထားပါတယ်။

ခုလောလောဆယ်မှာ ရီးယဲလ်မက်ဒရစ်ရဲ့ ဘရာဇီးနိုင်ငံသား ရော်ဘင်ဟိုကို ယခုနှစ် ပရီမီယာလိဂ်ရဲ့ စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၃၂ဒသမ ၅သန်းနဲ့ ခေါ်ယူခဲ့ပြီး သူတို့ရဲ့ ခြေလှမ်းကို စတင်လိုက်ပြီဖြစ်ပါတယ်။ လာမယ့် ဇန်နဝါရီလ အပြောင်းအရွှေ့မှာ သူတို့ခေါ်ယူဖို့လျာထားတဲ့ ကစားသမားတွေကတော့ မန်ယူမှ စီရော်နယ်လ်ဒိုနဲ့ ဘာဘာတော့ဗ်၊ ဘာစီလိုနာမှ မက်ဆီနဲ့ သီယာရီဟင်နရီ၊ ဗလန်စီယာမှ ဒေးဗစ်ဗီလာ၊ ဘရာဇီးမှ ရော်နယ်လ်ဒို၊ အာဆင်နယ်မှ ဖာဘရီဂက်စ်၊ အေစီမီလန်မှ ကာကာနဲ့ လီဗာပူးမှ ဖာနန်ဒိုတောရက်စ်တို့ပဲ ဖြစ်ပါတယ်။

အဘူဒါဘီအုပ်စုဟာ စီရော်နယ်လ်ဒိုအတွက် ပေါင် ၁၃၅ သန်း၊ မက်ဆီနဲ့ ကာကာကို ပေါင်သန်း ၈၀ခန့်၊ ဖာနန်ဒိုတောရက်စ်ကို ပေါင်သန်း ၇၀ခန့်၊ ဖာဘရီဂက်စ်နဲ့ ဘာဘာတော့ဗ်ကို ပေါင်သန်း ၆၀ ခန့်လောက်နဲ့ ကမ်းလှမ်းခေါ်ယူသွားမယ်လို့ သတင်းများက ဖော်ပြထားပါတယ်။

အဘူဒါဘီအုပ်စုရဲ့ အမှုဆောင်အရာရှိချုပ်ကတော့ ဒေါက်တာဆူလေမန် အယ်လ်ဖာဟင်းမ်ဖြစ်ပြီး အသက် ၃၀သာရှိသေးတယ်လို့ ဆိုပါတယ်။ အဘူဒါဘီ အုပ်စုပြောတဲ့အတိုင်း မန်စီးတီးဟာအောင်မြင်တဲ့အသင်း ဖြစ်လာ၊ မလာကိုတော့ စောင့်ကြည့်ရဦး တော့မှာပါ။

ဝင်းတင်(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၉-၂၀၀၈ (စနေနေ့)

၁၃၇၀ပြည့်နှစ်၊ တော်သလင်းလဆန်း ၇ ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	လေးကျွန်းမာရ်အောင် စေတီတော်
၇း၅၀	၅။	ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော် သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှု အစီအစဉ်
၈း၀၀	၆။	ကဗျာပန်းဥယျာဉ်
၈း၁၅	၇။	တေးဂီတအစီအစဉ်
၈း၂၅	၈။	၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး/ခေတ်ဟောင်းတေး)(ဝါသနာရှင်) (ဒုတိယတန်းအဆင့်) (အမျိုးသား)
	၉။	International News
	၁၀။	အတီးပြိုင်ပွဲ
	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	အစီအစဉ်အဖွင့်
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၄၅	၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ မေမေ့မေတ္တာ ကုဋေကုဋာ (အပိုင်း-၁)**
၁၂း၃၀	၅။	ဆန်းကြယ်ထူးခြားပြိုင်ပွဲများ
၁း၁၅	၆။	Land of Flowers
၂း၀၀	၇။	ရုပ်မြင်ရသတေးစုကဏ္ဍ
၂း၁၀	၈။	အဆိုပြိုင်ပွဲ
၂း၁၅	၉။	**"လာအတူသွားကြစို့" ကျော်သက်လင်း၊ ဝင်းထွန်းအောင်၊ ထိုက်ထိုက်သင်း) (ဒါရိုက်တာ-စိန်သန်းဦး)**
၂း၂၀	၁၀။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂း၂၅	၁၁။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၂း၃၅	၁၂။	**"စည်းကမ်းလိုက်နာ ဘေးကင်းကွာ" (ကျော်ရဲအောင်၊ ချစ်သူ၊ ဇော်ဝင်းမောင်၊ မေ့စ်၊ လင်းဇာနည်ဇော်၊ ပွင့်) [ဒါရိုက်တာ-ခင်ဇော်၊ မြင့်စိုး (ဝ/သ)]**
၂း၄၅	၁၃။	International News
၂း၅၅	၁၄။	အကပြိုင်ပွဲ
၃း၀၀	၁၅။	အစီအစဉ်ပြီး၏။

ညနေပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အတီးပြိုင်ပွဲ
၄း၂၅	၃။	ရန်ကုန်တိုင်း အမှတ် (၃) အခြေခံပညာဦးစီးဌာန၊ တတိယအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) (အထက-၂၊ လှိုင်သာယာ) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၄း၅၀	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၅။	မြန်မာ့ဓလေ့ရိုးရာလက်ဆော့
၅း၁၅	၆။	ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
၅း၄၅	၇။	၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေး/ ခေတ်ဟောင်းတေး)(ဝါသနာရှင်) (ဒုတိယတန်းအဆင့်) (အမျိုးသား)
၆း၀၀	၈။	ညနေခင်းသတင်း
၆း၃၀	၉။	မိုးလေဝသအခြေအနေ
၆း၃၅	၁၀။	အလှရှာမယ် လှကမ္ဘာဝယ်
၆း၅၀	၁၁။	ဘိုကလေး-ကြိမ်ချောင်း-ကဒုံကနိလမ်း ဖောက်လုပ်ရေး စီမံကိန်း
၇း၀၀	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေမင်းသားလေး ချစ်ပုံပြင်" (အပိုင်း-၂၈)**
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "လူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး" (အပိုင်း-၁၉)**
	၁၇။	အစီအစဉ်ပြီး၏။

မုတ်သုံလေအားနည်းနေ

ရန်ကုန် စက်တင်ဘာ ၅

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော၂၄ နာရီအတွင်းက ရှမ်းပြည်နယ်တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ပူတာအိုမြို့တွင် ၁ဒသမ၃၁လက်မ၊ သထုံမြို့တွင် ၁ဒသမ၂၆လက်မ၊ မိုင်းဆတ်မြို့တွင် ၁ဒသမ၂၂လက်မနှင့် မော်လိုက်မြို့တွင် ၁ဒသမ၁၀လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားနည်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားပျော့နေသည်။

၂၀၀၈ခုနှစ် စက်တင်ဘာလ ၆ရက် ညနေထိ ခန့်မှန်းချက်။ ။ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်မည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

စက်တင်ဘာလ ဒုတိယရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်။ ။ လာမည့် သီတင်းပတ်ကုန်ရက်များ အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၃ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၉၁ ဒီဂရီဖာရင်ဟိုက်)		၄-၉-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၃ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၃ ဒီဂရီဖာရင်ဟိုက်)		၅-၉-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၃ ရာခိုင်နှုန်း		၅-၉-၂၀၀၈
နေပူသည့်နာရီပေါင်း	၅ဒသမ၀ နာရီခန့်	၄-၉-၂၀၀၈

စာဖတ်သူစစ်တမ်း ကံထူးရှင်ရွေးချယ်ဆုပေး

ရန်ကုန် စက်တင်ဘာ ၅

PC World Myanmar မဂ္ဂဇင်း၏ စာဖတ်သူစစ်တမ်းဖြေဆို ပေးပို့သူများအနက် ကံထူးရှင်များအား ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် Park Royal (Yangon) ၌ ကျင်းပခဲ့သည်။

စာဖတ်သူ စစ်တမ်းကို မေ၊ ဇွန်၊ ဇူလိုင်လထုတ် PC World Myanmar မဂ္ဂဇင်းများတွင် ထည့်သွင်းခဲ့ခြင်းဖြစ်ပြီး အဆိုပါ စစ်တမ်းအား ဖြေဆိုပေးပို့သူ ၁၉၇ ဦး အနက် ပထမ၊ ဒုတိယ၊ တတိယဆုရှင်သုံးဦးကို မဲနှိုက် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ပထမဆု (EEE PC 2G Note book) ကို ကြည့်မြင်တိုင်မြို့နယ်မှ မောင်ကျော်မိုးဟိန်း၊ ဒုတိယဆု (DVD Writer)ကို ညောင်လေးပင်မြို့မှ မသင်းသင်းအေးနှင့် တတိယဆု (TV Tuner Card)ကို တီးတိန်မြို့မှ မောင်ဟောက်ခန့်တိမ်းတို့က အသီးသီး ဆွတ်ခူးရရှိခဲ့ကြသည်။

ဆုလက်ဆောင်များမှာ ASUS အမှတ် တံဆိပ်များဖြစ်ပြီး မြန်မာနိုင်ငံတွင် အဆိုပါ အမှတ်တံဆိပ်ပစ္စည်းများကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းရောင်းချနေသော Golden Power Technology က ပံ့ပိုးကူညီခဲ့ခြင်းဖြစ်သည်။

PC World Myanmar မဂ္ဂဇင်းကို လစဉ်ထုတ်ဝေ ဖြန့်ချိလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ**

အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၅

စက်တင်ဘာ ၅ ရက် မြန်မာစံတော်ချိန် ၁၅ နာရီ ၁၆ မိနစ် ၀၀ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ မြောက်ဘက် ၂၁မိုင်ခန့် ကွာဝေးသောနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဆားလင်းကြီးမြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်

နေပြည်တော် 　 စက်တင်ဘာ 　 ၅

၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်မှ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၈ နာရီခွဲတွင် ဆားလင်းကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပန်းမြတ်သဇင်ခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့တက်ရောက်၍ အမှာစကားပြောကြားကြပြီး ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြသည်။

အဆိုပါ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာဆရာမများ၊ ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးက ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်မှ ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

သက်ရှိများ ရှိနိုင်သည့် ထူးဆန်းသောဂြိုဟ်များ နာဆာမှ ရှာဖွေမည်

နာဆာ စက်တင်ဘာ ၅

အမေရိကန်အာကာသ သိပ္ပံနှင့် အာကာသ ထိန်းချုပ်ရေးအဖွဲ့ (နာဆာ)သည် လကမ္ဘာသို့ လူသားများ လိုက်ပါနိုင်သည့် အာကာသယာဉ် လွှတ်တင်နိုင်ခဲ့ခြင်းကြောင့် ထင်ရှားကျော်ကြား လာခဲ့သည်။

နာဆာအဖွဲ့က အာကာသသိပ္ပံပညာရှင် ကားလ်ဆာဂန်ကို အကြောင်းပြုပြီး ဖဲလိုးရှစ်အမည်ရှိ အာကာသယာဉ်ကို တည်ဆောက်ခဲ့သည်။ ကွယ်လွန်သွားပြီဖြစ်သော ကားလ်ဆာဂန်သည် ၎င်းရေးသားခဲ့သော သိပ္ပံဆိုင်ရာစာအုပ်များနှင့် ရုပ်မြင်သံကြားမှတစ်ဆင့် ၎င်း၏ အောင်မြင်ခဲ့သော အာကာသသိပ္ပံနည်းပညာများ ထုတ်လွှင့်ပြသမှုကြောင့် လူသိများ ကျော်ကြားလာသည်။ ဖဲလိုးရှစ် အာကာသယာဉ်သည် ကျွန်ုပ်တို့၏ နေစကြဝဠာ အဖွဲ့အစည်း အပြင်ဘက်ရှိဂြိုဟ်များအပေါ်မှ သက်ရှိ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❑

ဘတ်စကက်ဘော အလွတ်တန်း အမျိုးသားပြိုင်ပွဲနှင့် ယူ-၂၀ အမျိုးသမီးပြိုင်ပွဲတွင် ဗိုလ်စွဲသွားသော စက်မှု(၁)အသင်း။ (ကြေးမုံ)

အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပပြီးစီး တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဒိုင်းများ ပေးအပ်

ရန်ကုန် 　 စက်တင်ဘာ 　 ၅

၂၀၀၈ ခုနှစ် အမျိုးသားတံခွန်စိုက် အလွတ်တန်းပြိုင်ပွဲနှင့် အသက်(၂၀)အောက် လူငယ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစ၍ အောင်ဆန်းကွင်းရှိ မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပရာ အလွတ်တန်းအမျိုးသားပွဲတွင် စက်မှု(၁)အသင်း၊ အမျိုးသမီးပွဲတွင် လယ်/ဆည်အသင်း၊ ယူ-၂၀ အမျိုးသားပွဲတွင် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ●

သိမှတ်ဖွယ်ရာ သတင်းပဒေသာ

ပင်လယ်ရေမျက်နှာပြင်အထက် ကမ္ဘာ့အမြင့်ဆုံးဘူတာရုံ

ပေကျင်း 　 စက်တင်ဘာ 　 ၅

ပင်လယ်ရေမျက်နှာပြင်အထက် ၅၀၇၂ မီတာအမြင့်တွင်ရှိသော ကမ္ဘာ့အမြင့်ဆုံးဘူတာရုံသည် တရုတ်နိုင်ငံ တိဗက်ဒေသတွင်ရှိသော ထန်ကုလား ဘူတာရုံဖြစ်သည်။ ဘူတာရုံဧရိယာမှာ စတုရန်းမီတာ ၇၇၀၀၀ ကျယ်ဝန်းသည်။ လမ်းသုံးသွယ် ပုံစံဒီဇိုင်းရေးဆွဲထားပြီး ရထားသွားလာရေး လွယ်ကူစေရန်စီမံထားသည်။

ထန်ကုလား ဘူတာရုံသည် တိဗက်ကုန်းမြင့်ဒေသတွင်ရှိသော ကျန်းဟိုင်-တိဗက် မီးရထားလမ်းတစ်လျှောက်မှ ဘူတာရုံများကဲ့သို့ လျှပ်စစ်စွမ်းအင်၊နေစွမ်းအင်၊လေစွမ်းအင်အဓိကထားသည့်ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားပံ့ပိုးပေးခြင်း၊အနွေးဓာတ်ထုတ်လွှတ်ပေးခြင်းနှင့် ညစ်ညမ်းရေကိုစံချိန်မီရှင်းလင်းပေးခြင်းစနစ်များပါဝင်သည်။ **စာမျက်နှာ ၉ ကော်လံ ၆ သို့** ■